# PEACE Info (August 26, 2022)

- Myanmar Junta Arson Attacks Continue Despite UN Appeal
- Myanmar junta forces continue rampage through southern Sagaing Region
- PNLO, LDU and ALP peace delegates continue third day meeting with SAC peace talk team
- Battle between AA and junta forces escalates in south Rakhine
- Detained Ex-UK Ambassador to Myanmar, Husband Returned to Local Jails From Prison
- NUG Calls for Justice for Rohingya Persecuted by Myanmar Military
- Former General Named as Vice-Governor of Central Bank of Myanmar
- Myanmar earns over 800 mln USD from natural gas export in April-July
- Want to stop Myanmar military atrocities? Sanction oil and gas
- သဖန်းဆိပ်ဆည် အနောက်ခြမ်းရွာများ စီးနင်းခံရ၊ ဒေသခံများ ပိတ်မိနေ
- ကျွန်းလှမြို့နယ်မှာ လေကြောင်းပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံး
- စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးဝင်ရောက်လာနေ၍ ထားဝယ်-ထီးခီးလမ်းပိုင်းတွင် ခရီးသွားလာခြင်း ကို ရှောင်ရှားရန်သတိပေး
- ဖက်ဒရယ် ရဲယူနစ်တခုအဖြစ် ရပ်တည်မည်ဟု ကရင်နီပြည်ရဲ ပြော
- ဖရူဆိုမြို့နယ် ငွေတောင်ရွာသစ် ကျေးရွာ၌ တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို PDF ဝင်တိုက်ရာ စစ်သား ၇ ဦး သေဆုံးကြောင်း PDF ပြော
- အာဏာသိမ်း ၁ နှစ်ခွဲကျော်အတွင်း စစ်တပ်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၂၅၀ နီးပါးရှိလာ
- အာဏာသိမ်း ၁ နှစ်ခွဲကျော်အတွင်း စစ်တပ်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၂၅၀ နီးပါးရှိလာ
- အပစ်ရပ်အဖွဲ့တွေ လက်နက်ကိုင်ရေး အလွတ်သဘောဆွေးနွေး
- ဒွယ်လိုးမြို့နယ်အတွင်း မှတ်ပုံတင်မပါဘဲ သွားလာသူများကို ဒဏ်ငွေ ကျပ် ၂ သိန်းရိုက်မည်ဟု BGF အမိန့်ထုတ်
- စစ်ဆေးရေးဂိတ် ရုပ်ရန် စစ်ကောင်စီသတိပေးသော်လည်း AA ဆက်လက်တပ်စွဲထား
- ခမောင်းဆိပ်ဗျူဟာကုန်းအား AA ဝင်တိုက်၊ ဒေသခံများနှင့် ပညာရေးဝန်ထမ်းများ ထွက်ပြေး
- မိုင်းရှင်းလင်းရေး ဟုဆိုပြီး တစ်နှစ် နီးပါး နေရပ်သို့ မပြန်နိုင်သေး
- နောင်ချိုမြို့နယ်ရောက် စစ်ရှောင် (၆၀၀) နီးပါးအတွက် အလှူရှင်လိုအပ်နေ
- ရိုဟင်ဂျာအရေး နိုင်ငံတကာထုတ်ပြန်ချက်များကို စစ်ကောင်စီ ကန့်ကွက်ပယ်ချ၊ ပြည်တွင်းရေး စွက်ဖက်မှုဟုဆို
- ရိုဟင်ဂျာတည်ရှိမှု လက်ခံရေး ပြဿနာရဲ့ အခြေခံဖြစ်နေ (FCCT ဆွေးနွေးပွဲ)
- တရုတ်နဲ့ ထိုင်းကို ဓာတ်ငွေ့တင်ပို့မှုကနေ လေးလအတွင်း စစ်ကောင်စီ ဒေါ်လာသန်း ၈၀၀ ရ
- စစ်တပ်ရဲ့ ငွေဝင်ပေါက် MOGE ကို ဒဏ်ခတ်ဖို့ အမေရိကန်သမ္မတဆီ စာပို့တောင်းဆို
- စစ်ခေါင်းဆောင်တွေရဲ့ ရုရှားခရီးစဥ်တွေစိပ်- ရုရှားကို စစ်ကောင်စီ ဒုခေါင်းဆောင် သွားပြန်

--------------------------------------------------------------------------------

## Myanmar Junta Arson Attacks Continue Despite UN Appeal

By THE IRRAWADDY | 26 August 2022

Myanmar's junta has conducted arson attacks and airstrikes on more than 20 villages in Sagaing and Magwe regions within nine days since the United Nations special envoy Noeleen Heyzer demanded an end to attacks on civilian targets.

At least 12 civilians, including a child and pregnant woman, were killed and an estimated 20,000 residents have fled their homes.

On August 17, Heyzer asked regime leader Min Aung Hlaing to stop aerial bombing and the burning of civilian homes.

The special envoy also called for an end to all forms of violence, full respect for human rights and the rule of law and full and safe humanitarian access to those in need.

Within hours of the meeting, troops burned down almost 600 houses in Ngatayaw village, Yesagyo Township, Magwe Region, according to the residents.

The arson attack came after an ambush by resistance forces outside the village, a resistance fighter told The Irrawaddy last week.

On August 18 and 19, around 150 regime troops raided and burned houses in four villages in northern Pauk Township, Magwe.



Kapaing village in Yinmabin Township, Sagaing Region, last Friday. / Dragon Brother Task Force

Around 150 houses were reportedly burned down when regime forces raided and torched houses in seven villages in the township, according to media reports.

On Tuesday, regime forces also burned houses in two villages in Myaing Township, Magwe, and burned alive a resistance fighter who was captured during a shootout, Myaing's Hero Generation (MHG), a resistance group, said on Friday.

A video showed resistance fighters extinguishing a fire in a village.

MHG said four shootouts with resistance groups broke out near the village. It said six resistance fighters and three regime troops were killed.

On Monday, 15 junta troops were killed in an ambush by six resistance groups in the area, MHG said.

On Tuesday, four civilians, including a six-year-old boy and nine-month-pregnant woman, were killed when three jets bombed a village in Kawlin Township, Sagaing Region.

The bombardment came after nearly 40 soldiers were reportedly killed and three army captains were captured along with more than 20 firearms and ammunition by the Kantbalu People's Defense Force during an ambush in neighboring Kantbalu Township.

Before the ambush, the troops had burned houses in Nyaung Kone village, Kantbalu, on Monday.

On Thursday, regime forces burned down houses in nearby Aung Chan Thar village in Kawlin Township, Sagaing, according to Kawlin Revolution, a media partner of the township's resistance groups.

Meanwhile, junta helicopters launched airstrikes on five villages in neighboring Kyunhla Township, Sagaing, including a village sheltering 200 displaced people from Aung Chan Thar village in Kawlin Township, said the Kyunhla Activist Group.

A civilian was killed in a junta helicopter attack while two others were injured, the activist group said.

On Friday morning, regime forces torched houses in Konesee village in the township, the group said.

Six civilians were killed and over 7,000 residents fled their homes in Yinmabin Township, Sagaing Region, between August 18 and 21 when regime forces raided and burned down three villages.

The Institute for Strategy and Policy in Myanmar that monitors regime arson attacks, reported that by July 15 more than 28,000 buildings had been burned down by junta forces in the country.

Sagaing Region suffered the most with 20,400 houses burned down, followed by Magwe Region with 5,700.



Ngatayaw village in Yesagyo Township, Magwe, after being burned down by junta forces last Wednesday. / CJ

Amid near-daily attacks from resistance groups and ethnic armed organizations, the regime forces have continued to conduct atrocities, including arbitrary torture and killing of civilians, burning people alive, massacres, extrajudicial executions of resistance detainees, using civilian detainees as human shields, artillery and airstrikes on civilian areas, looting and burning houses and acts of sexual violence.

[https://www.irrawaddy.com/news/burma/myanmar-junta-arson-attacks-continue-despite-un-appeal.html](https://www.irrawaddy.com/news/burma/myanmar-junta-arson-attacks-continue-despite-un-appeal.html)

---------------------------------------------------------------------------------------------------------

## Myanmar junta forces continue rampage through southern Sagaing Region

Military columns in Myanmar's heartland raid some 20 villages in three townships west of the Chindwin River, displacing much of the local population

Khin Yi Yi Zaw | Published on Aug 26, 2022



Members of a local resistance group active in Kani Township (KLG PDF / Facebook)

The Myanmar army has continued to lay siege to several communities in southern Sagaing Region over the past two weeks, with resistance groups using explosives to ambush the junta columns responsible for the attacks.

Around 20 villages in the townships of Yinmabin, Pale and Kani—which are also strongholds of armed resistance forces west of the Chindwin River—have been targeted since early August as the military traverses the area.




The same army columns that launched a three-day raid on the village of Yin Paung Taing in Yinmabin on August 11, killing at least 18 people, have been seen by locals travelling into Pale and more recently, entering Kani. The troops took more than 20 men as porters and hostages when they left Yin Paung Taing, only three of whom had been released at the time of reporting.

The 60 soldiers went on to raid at least six more villages at the township border between Yinmabin and Pale, which lies to the south. They travelled north and arrived at the village of Ka Paing – Thee Kone in Yinmabin on August 18, where they clashed with local anti-junta defence forces.

Four members of the resistance and one civilian were killed there, according to local sources.

The civilian was a 68-year-old man whose body was found the next day in one of 200 houses torched by the military during the attack.

Among the resistance fighters killed in the clash was a 17-year-old boy. Only one of the four slain defence force members was found to have been shot to death; three were killed by

artillery shells or fatally stabbed. They belonged to a local guerrilla group called the Sayar San People's Defence Force (PDF), named for the leader of an anti-colonial rebellion in Myanmar nearly 100 years ago.

"[The soldiers] set houses on fire in every village they pass through. They do so whether or not we engage them in a clash. So we fought," a squadron commander from the Sayar San PDF told Myanmar Now.




Map showing some of the villages in Sagaing Region targeted in junta raids and arson attacks (Myanmar Now)

He added that much of the population of the targeted communities west of the Chindwin River had been forced to flee the recent raids and had been staying in other communities or hiding in the woods.

"Those families affected by the fires left for their relatives' homes in other nearby areas, and those who were not affected didn't dare to stay in their own houses anymore," he explained.

Detailed figures on the number of locals displaced by the attacks were not available at the time of reporting.

By Tuesday, the troops in question had arrived in Kani Township, north of Yinmabin. Local defence forces ambushed the column several times, setting up improvised explosive devices along the road connecting the Sagaing cities of Monywa and Kalaywa—part of the highway that links India, Myanmar and Thailand and passes through Kani.

A member of a Kani-based resistance group said that the junta had suffered heavy casualties during the explosive attacks, but Myanmar Now was unable to verify his claim.

https://www.myanmar-now.org/en/news/myanmar-junta-forces-continue-rampage-through-southern-sagaing-region

---------------------------------------------------------------------------------------------------------

## PNLO, LDU and ALP peace delegates continue third day meeting with SAC peace talk team

PUBLISHED 26 AUGUST 2022

The third day meeting between State Administration Council peace talk team and peace delegation led by the chairman of Pa-O national Liberation Organization-PNLO, the chairman of the Lahu Democratic Union-LDU and the vice-chairperson of the Arakan

Liberation party-ALP was held at the National Solidarity and Peacemaking Center's meeting hall in Nay Pyi Taw on August 25.



At the meeting, member of the negotiation committee, Lt-Gen Win Bo Shein explained agreements included in the Union Agreement section (3) with National Constitution (2008), Table 1 of national constitution, union legislation and table 2 of State or Regional legislation sector-wise.

Secretary of the negotiation committee Lt-Gen Min Naung also presented post 2020 processes that have to be carried out according to each level and phased implementations (Table-2).

Those present then shared their views and opinions and closed the third day meeting. The fourth day meeting will continue on August 26.

Present on the occasion were Peace Talks team leader Lt-Gen Yar Pyae, member of SAC Lt-Gen Moe Myint Tun, secretary of the negotiating committee Lt-Gen Min Naung, member of the negotiating committee Lt-Gen Min Naing, Lt-Gen Win Bo Shein, Lt-Gen Aye Win, PNLO Chairperson Khun Thurein, vice-chairman Khun Tun Tin, chairman of LDU Kyar Solomon, genera;-secretary Kyar Yar Kok, ALP vice-chairperson Saw Mya Raza Lin and member of the central executive committee Khine Soe Mra.

https://elevenmyanmar.com/news/pnlo-ldu-and-alp-peace-delegates-continue-third-day-meeting-with-sac-peace-talk-team

-----------------------------------------------------------------------------------------------------------

## Battle between AA and junta forces escalates in south Rakhine

Narinjara News, 26 August 2022



The ongoing battle between the Arakan Army (AA) and the Myanmar Army has escalated in the southern part of Rakhine State.

The AA members on Thursday evening challenged the junta forces for about 20 minutes at 4 pm in Taungup township.

The battle broke out when the military council forces came to attack a temporary camp of AA near Thon Khwa Hsoun village under Taungup township, which is adjacent to Thandwe township where the famous Nga Pali beach is located.

"This battle took place at Kyin Taw Kyint of Thon Khwa Hsoun village, about 10 miles away from Taungup town. Following the army attack, the AA members took a defensive stand where 12 junta soldiers were reportedly killed. Some soldiers and AA members sustained injuries," said a local villager.

Presently both the armed forces have retreated from the battle site, he added.

It was the first battle that took place in the southern part of Rakhine State, which means the AA has lately expanded its military presence to those areas.

In a day of August 25 alone, the fighting between the two forces also broke out in three Townships (Taungup, Maungdaw of Rakhine and Paletwa townships of Chin State).

A source close to the AA informed that another fighting took place at a place near Namada village under Paletwa township for many hours, where the AA captured the Namada army camp. In the evening hours, the military personnel attacked the AA base with jet fighters.

Similarly, in the north of Maungdaw township, near Waila Taung and pillar number 39 that demarcates the Bangladesh border, there was another battle taking place 3 to 5 pm yesterday.

"We could hear the sound of gunfire from the side of pillar number 39. We heard the sound of heavy weapons in the morning and later small arms at around 3 pm. The battle stopped at 5 pm," he added.

Because of the intense fighting over two thousand villagers left their places. Till date no less than 60,000 IDPs have not been able to return to their villages. They are struggling to live due to lack of relief by the military council and also international NGOs.

The military council has lately blocked various transportation routes in Maungdaw and Rathedaung townships. It has caused difficulties to those asylum seekers to get rice grains and other essential items.

https://www.narinjara.com/news/detail/630876e021f2d423422dc82e

---

## Detained Ex-UK Ambassador to Myanmar, Husband Returned to Local Jails From Prison

By THE IRRAWADDY | 26 August 2022

Britain's former ambassador to Myanmar Vicky Bowman and her husband, prominent artist Ko Htein Lin, who were sent to Insein Prison after their arrests on Thursday, have been returned to two local police stations, according to sources close to the family.

They said the couple have been held separately at two police stations since Thursday night and have been visited by relatives.

Other sources said both Ko Htein Lin and Bowman were sent back to the police stations because they were suspected of having COVID-19.

The couple were arrested on Wednesday night at their home in Yangon. The regime said they would be charged with breaching the country's immigration laws.

The couple has been remanded in custody for two weeks, and an initial court hearing is expected to be held on Sept. 6.

The arrests come at a time when Britain has imposed fresh sanctions against three military-linked companies for supplying arms to the Myanmar military.

Bowman is among three foreigners currently detained by the regime, along with Australian economist Sean Turnell, a former economic policy adviser to ousted Myanmar leader Daw Aung San Suu Kyi, and Japanese videographer Toru Kubota.

Turnell was arrested after the coup last year and faces charges of possessing state secrets. Kubota has been in jail since July, accused of incitement and violating visa and other immigration rules for his alleged connections with anti-regime protesters, according to the junta's Information Ministry.

https://www.irrawaddy.com/news/burma/detained-ex-uk-ambassador-to-myanmar-husband-returned-to-local-jails-from-prison.html

-----------------------------------------------------------------------------------------------------------

## NUG Calls for Justice for Rohingya Persecuted by Myanmar Military

By THE IRRAWADDY | 26 August 2022

Myanmar's civilian National Unity Government (NUG) has called on international organizations to support their endeavours to achieve justice and peace for the country's persecuted Rohingya ethnic minority.

In a statement published on Thursday to mark the fifth anniversary of the Myanmar military's brutal clearance campaign against the Rohingya in western Myanmar's Rakhine State, the NUG said it is pursuing three concurrent actions for the Rohingya community.

These are establishing conditions to support the repatriation of the Rohingya community, many of whom fled to Bangladesh in 2017, securing justice and accountability, and delivering equality to all persons in law and practice. In June 2021, the NUG declared that the Rohingya have full citizenship rights in Myanmar.

But these actions face significant obstacles as they are contingent on the return of democracy, the ending of atrocities and the inevitable defeat of the terrorist junta, said the NUG.

The civilian government added that, ultimately, the people of Myanmar will prevail and that the three commitments are a core part of the future envisaged by the Federal Democracy Charter – a nation founded on peace, justice, equality, unity, human rights and the protection of minorities, the statement said.

"We urge international organisations to deliver tangible means of support and work together with the NUG and all stakeholders in our endeavours to bring justice and peace for the Rohingya community," it said.

The NUG also expressed great shame over the historic exclusionary and discriminatory policies, practices and rhetoric against the Rohingya and other ethnic groups, which laid the groundwork for the Myanmar military to escalate its atrocities.

Over 700,000 Rohingya fled Rakhine State for neighboring Bangladesh in 2017, after the military launched a brutal campaign of ethnic cleansing in the region. Those who fled said that the Rohingya were subjected to extrajudicial killings, rapes and arson attacks by security forces. UN investigators said that the operation had "genocidal intent".

Currently, the military's clearance operation is the subject of a genocide case brought by Gambia at the International Court of Justice, which rejected the military regime's objections in July and allowed the case to proceed.

An investigative report by the Commission for International Justice and Accountability, an independent war crimes investigator, identified junta chief Senior General Min Aung Hlaing and other top generals as being responsible for the clearance campaign against the Rohingya.

The NUG said that a historic culture of impunity has since enabled the Myanmar military to commit countrywide atrocities.

Since last year's coup, a further million or more civilians have been displaced in Myanmar. Many villages have been bombed and shelled, unknown numbers of homes have been torched and new massacres have taken place, said the NUG.

US Secretary of State Antony Blinken said in a statement on Wednesday that Washington remains "committed to advancing justice and accountability" for the Rohingya and all the people of Myanmar.

On Thursday, the United Kingdom announced that it has sanctioned three more military-linked businesses including one which the coup leader's son is a director of.

The junta's foreign ministry released a statement strongly condemning and rejecting the statements of the United Nations Secretary General, the European Union and western countries on the fifth anniversary of the operation against the Rohingya, saying their

statements lacked authenticity, were one-sided and interfered in the internal affairs of Myanmar.

https://www.irrawaddy.com/news/burma/nug-calls-for-justice-for-rohingya-persecuted-by-myanmar-military.html

----------------------------------------------------------------------------------------------------

## Former General Named as Vice-Governor of Central Bank of Myanmar

By **THE IRRAWADDY** | 26 August 2022

A newly-retired general who is the brother-in-law of prominent business tycoon U Aung Ko Win has been appointed a vice-governor of the junta-controlled Central Bank of Myanmar (CBM).

Major General Zaw Myint Naing was named as one of the bank's three vice-governors in a shake-up of the CBM's board. He is married to Daw Tin Tin Ohn, a sister of U Aung Ko Win, who is the chairman of Kanbawza Bank, the biggest private bank in Myanmar.

In the reshuffle, CBM governor U Than Nyein and vice-governor U Win Thaw lost their jobs, while vice-governor Daw Than Than Swe was promoted to governor. Daw Than Than Swe was shot in April by anti-coup resistance fighters at her house in Yangon's Bahan Township.

Zaw Myint Naing served as a director of the accounts department of the Ministry of Defense, until he was ordered to retire from the Myanmar military to join the CBM. His appointment was announced on August 19.

Previously, he served as the personal staff officer of General Win Myint, Secretary-3 of the previous military regime, the State Law and Order Restoration Council.

CBM governor U Than Nyein and vice governor U Win Thaw were forced to step down on August 18.

https://www.irrawaddy.com/news/burma/former-general-named-as-vice-governor-of-central-bank-of-myanmar.html

----------------------------------------------------------------------------------------------------

## Myanmar earns over 800 mln USD from natural gas export in April-July

Source: Xinhua 2022-08-26

YANGON, Aug. 25 (Xinhua) -- Myanmar earned over 800 million U.S. dollars from its natural gas exportation within the four months of this financial year 2022-2023, the state-run the Global New Light of Myanmar quoted the figures of the Ministry of Commerce on Thursday.

The country exported 77.89 million kilos of natural gas between April 1 and July 31, receiving a total of 819.503 million dollars, comprising 135 million dollars in April, 194 million dollars in May, 286.033 million dollars in June and 204.47 million dollars in July.

Myanmar also earned 1,715.2 million dollars from natural gas exports during the six months from October to March of financial year 2021-2022 (mini-budget period), according to figures from the Ministry of Planning and Finance.

The Southeast Asian country exported most of its natural gas from the four offshore natural gas production projects of Yadana, Yedagun, Shwe and Zawtika.

https://english.news.cn/20220826/0dedf051781f4e5bbbf355a8fc2c2c93/c.html

-----------------------------------------------------------------------------------------------------------

## Want to stop Myanmar military atrocities? Sanction oil and gas

The time has come to cut off the regime's single largest source of revenue for its war on Myanmar's civilian population

Myra Dahgaypaw | Published on Aug 26, 2022




Protesters urge international community to impose sanctions on MOGE at a rally in Yangon on May 14 (Anti-junta Alliance Yangon/ Facebook)

A wave of global revulsion greeted the news last month that Myanmar's military junta had executed four pro-democracy activists on bogus charges. For all their words of condemnation, however, global powers have so far hesitated to strike the regime in the place that would hurt it the most: its pocketbooks, through the massive profits they draw each year from fossil fuel extraction. If the international community is serious about opposing the military's crimes, it is time to end its refusal to sanction oil and gas. Doing so would not only punish the junta and hold it accountable—it would also hinder its ability to commit future crimes.

To be sure, the executions in late July were not the first time the military has killed civilians. Since seizing power in a lawless coup in February 2021, the junta has murdered more than 2,200 pro-democracy activists, civil disobedience demonstrators, and other civilians. Thousands more have been detained, arrested, tortured, and disappeared. The military is also waging a campaign of terror in areas of the country populated mostly by ethnic minorities—carrying out airstrikes and arson attacks to decimate entire villages with total disregard for human life. And this is not even to mention its genocidal attacks on the country's Rohingya ethnic minority that it began five years ago this month.

But by carrying out the first official executions in Myanmar in more than three decades, against beloved high-profile members of the country's pro-democracy movement, the military has signalled that it is prepared to continue its escalation of atrocities if that's what it takes to strengthen its grip on power.

Unsurprisingly, the international community was appalled by the military's actions. A number of governments issued strong words of condemnation, and even some regional power brokers that have so far been relatively quiet on the situation in Myanmar—such as India—broke their silence in the wake of these state-sponsored murders.

But while the global outrage over the executions has resulted in a fresh outpouring of words, it remains to be seen if it will prompt more concrete measures. The United States has already imposed targeted sanctions on high-ranking military officials and many of the corporate entities they use to enrich themselves. What more could they do?

It turns out, much more. As swiftly as the US imposed sanctions last year, and as vocal as it has been in condemning the junta's horrific actions, it has stopped short of blocking one of the military's biggest profit streams: oil and gas revenues. Economic analysts calculate the Myanmar military earns nearly $1.5 billion each year from these industries, making up roughly 10% of the junta's total annual revenue and approximately half of its foreign currency income. As long as this money keeps flowing, Myanmar's military will able to continue purchasing the guns, planes, jet fuel and other military supplies that it uses to terrorise the country's civilian population. If the international community truly wants to hobble the military, then, oil and gas sanctions will have to be on the table.

In the wake of last month's executions, there are signs that more US politicians have begun to wake up to this fact. Recent reporting indicates that senior members of the Biden administration, as well as high-ranking members of the House and Senate Foreign Relations Committees (see here, here, here, and here), are actively weighing oil and gas sanctions. And a bill that would help to hold Myanmar's military accountable, known as the Burma Unified through Rigorous Military Accountability, or BURMA, Act, has already passed the House. Senate leaders just need to approve the bill for markup and then take it up for a vote.

But pockets of opposition remain. After a spring and summer of record-high energy prices, further restrictions on oil and gas can sound like a tough sell. And some critics of sanctions worry about the indirect collateral consequences they could have on ordinary Myanmar citizens already suffering under military rule. However, these targeted sanctions would take aim directly at the Myanma Oil and Gas Enterprise (MOGE)—a massive conglomerate controlled by the Myanmar military, all of whose profits go to enrich the junta. And sanctions can be designed to only halt revenue flows, without shutting down gas production itself. EU sanctions imposed in February have already done so for a small portion of euro-denominated gas revenues.

Profits should never be put above human lives, and the world will need to transition away from fossil fuels entirely by the end of the decade if we are to avoid the most catastrophic effects of climate change. Why not start with the oil and gas projects that are being used to enable one of the worst dictatorial regimes on the planet?

Taken together, the arguments to hold off on sanctions any longer don’t hold water. The people of Myanmar have waited too long already for the justice and democracy they deserve. The United States should go after the junta in a way that it will notice: by cutting off the billion-plus dollars it rakes in each year off the backs of the people of Myanmar.

***Myra Dahgaypaw is Senior Partnership Officer for International Justice and Accountability at the Unitarian Universalist Service Committee. She is also a former IDP and refugee from Karen State.***

https://www.myanmar-now.org/en/news/want-to-stop-myanmar-military-atrocities-sanction-oil-and-gas

-----------------------------------------------------------------------------------------------------

## သဖန်းဆိပ်ဆည် အနောက်ခြမ်းရွာများ စီးနင်းခံရ၊ ဒေသခံများ ပိတ်မိနေ

By ဧရာဝတီ | 26 August 2022

စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည်အနောက်ခြမ်းရှိ ဆိပ်ဖူး၊ ရှမ်းကုန်း၊ သိုက်ပင်ဆိပ်၊ တည်ပင်ဆိပ်၊ ကုန်း စည်း ကျေးရွာများကို စစ်ကောင်စီတပ်က ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ပြီး ဝင်ရောက်စီးနင်းခဲ့ရာ ဒေသခံ ၁ ဦး သေဆုံးကာ ၂ ဦး ကျည်ထိမှန်ဒဏ်ရာ ရခဲ့သလို ဒေသခံများလည်း ပ်ိတ်မိနေကြောင်း သိရသည်။

ဩဂုတ် ၂၅ ရက် ညနေပိုင်းက သဖန်းဆိပ်ဆည် အနောက်ခြမ်းသို့ တိုက်ပွဲမဖြစ်ဘဲ  Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ် ၁ စီးဖြင့် ပစ်ခတ်သလို  Mi-17 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၂ စီးကလည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များချထားကာ တည်ပင်ဆိပ်ရွာသို့ ဝင်ရောက်စီးနင်းကြောင်း ဒေသသတင်းရင်း မြစ်များက ဆိုသည်။

ကျွန်းလှမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် တဦးက “မနေ့က တည်ပင်ဆိပ်ဘက်ကို ရဟတ်ယာဉ်နဲ့ ပစ်ဝင်စီးပြီး ထွက် ပြေးတဲ့သူတွေကို လိုက်ပစ်လို့ ပြည်သူ ၁ ယောက် ထိမှန်သေဆုံးခဲ့တယ်။ ပြီးတော့ ရွာထဲကိုဝင်ပြီး တပ်စွဲထားကြတော့ အသေးစိတ် အခြေအနေ မသိရသေးဘူး။ လောလောဆယ် ဒေသခံတွေ တောထဲမှာ ရှောင်နေကြရတယ်။ တည်ပင်ဆိပ် က ပိတ်မ်ိကျန်ရစ်ခဲ့တဲ့ ရွာသားတွေကိုလည် ဖမ်းထားကြတယ်လို့ သိရတယ်။ ဘယ်လောက်ထိ ပိတ်မိနေတယ်ဆိုတာ မသိ ရသေးပေမယ့် ခန့်မှန်းခြေ ၃၀၀ လောက်ထိ ရှိနိုင်တယ်” ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိ တည်ပင်ဆိပ်ရွာ ဘုန်းကြီးကျောင်း၌ စစ်ရှောင် ၃၀၀ နီးပါး ပိတ်မိနေပြီး စိုးရိမ်ရသည့် အနေအထားဖြစ် ကြောင်းလည်း ကျွန်းလှတက်ကြွလှုပ်ရှားသူများအဖွဲ့က အသိပေး ထုတ်ပြန်ထားသည်။

စစ်ကောင်စီတပ်သည် လေကြောင်းပစ်ခတ်မှုနှင့်အတူ မြေပြင်ကပါ တချိန်တည်း ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်ပြီး ထွက်ပြေးကြသော ဒေသခံပြည်သူများကိုလည်း လိုက်လံပစ်ခတ်သောကြောင့် တည်ပင်ဆိပ်ကျေးရွာမှ ဒေသခံ ၁ ဦး သေဆုံးပြီး ၂ ဦး ဒဏ်ရာရခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဒေသခံတဦးက “မနေ့က ကျနော်တို့ဘက်မှာ ဘာတိုက်ပွဲမှ ဖြစ်တာမရှိဘူး။ သူတို့က ရဟတ်ယာဉ် ၃ စီးနဲ့ လာကြတာ။ ၁ စီးက ရွာကိုပတ်ပြီး ပစ်တယ်။ ကျန်တဲ့ ၂ စီးက စစ်သားတွေ ချခဲ့ကြတာ။ ရဟတ်ယာဉ်နဲ့ရော မြေပြင်ကပါ တပြိုင်တည်း ပစ် တာဆိုတော့ ပြေးကြရတာပေါ့။ ရွာနားမှာချခဲ့တဲ့ စစ်သားတွေက ထွက်ပြေးကြတဲ့ ရွာသားတွေကို လိုက်ပြီးပစ်ကြတယ်။ အခုတော့ တောထဲမှာ နေနေကြရတယ် ” ဟု ပြောသည်။

ယမန်နေ့တွင် တပ်မ ၉၉ လက်အောက်ခံ မိတ္ထီလာအခြေစိုက် ခမရ (၁၁၃) နှင့် စကခ (၁၀) လက်အောက်ခံ မော်လိုက် အခြေစိုက် ခမရ (၃၆၅) တပ်များနှင့်အတူ ကောလင်းမြို့နယ်၊ အောင်ချမ်းသာကျေးရွာအား မီးရှို့ခဲ့သည့် စစ်ကြောင်းများကို Mi-17 ရဟတ်ယာဉ် ၂ စီးဖြင့် ၃ ခေါက် ပို့ဆောင်ကာ ကွန်းလှမြို့နယ်၊ တည်ပင်ဆိပ်ကျေးရွာသို့ ထပ်မံ အင်အားဖြည့်တင်းခဲ့ သောကြောင့် ယခုအခါ တည်ပင်ဆိပ်ကျေးအတွင်း၌ အင်အား ၁၃၀ ကျော်ဖြင့် တပ်စွဲထားကြောင်း ဒေသ သတင်းရင်းမြစ် များ၏ ပြောဆိုချက်အရ သိရသည်။

ထို့ပြင် ယနေ့ နံနက်ပိုင်းတွင်လည်း အင်အား ၁၈၀ ခန့် ပါသော စစ်ကောင်စီတပ်က ကုန်းစည်းကျေးရွာ၌ တပ်စွဲကာ အိမ် မွေးတိရစ္ဆာန် ဝက်၊ နွားများအား အစာကျွေးရန် ပြန်လာသည့် ကျေးရွာသားများနှင့် ပိတ်မိကျန်ရစ်နေသော ဒေသခံများကို ဖမ်းဆီးထားသကဲ့သို့ မီးရှို့ဖျက်ဆီးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။




ယင်းဒေသအတွင်းရှိ စစ်ဘေးရှောင်တဦးက “ကျနော်တို့ ဒေသဘက်က စစ်တပ်က စစ်ကြောင်းထိုးရင် ပြေး၊ ပြီးရင် ပြန်ဝင်။ အကြာကြီး မရှောင်ကြဘူး။ စစ်တပ်က ရွာတွေကိုဝင်တာ ၁ ညအိပ်က အများဆုံးပဲ။ အလွန်ဆုံးကြာမှ ၃ ရက်ထက်မပိုဘူး။ သူတို့ ပြန်ထွက်သွားပြီဆိုတာနဲ့ ပြန်ဝင်။ မီးရှို့ခဲ့ရင်လည်း နိုင်သလောက်ဝိုင်းငြှိမ်း။ နေစရာမရှိတဲ့ သူတွေကလည်း မီးလောင် ပြင်မှာ ရှိတာလေးတွေနဲ့ ယာယီတဲထိုးနေကြတယ်။ ဖြစ်နိုင်ရင်တော့ အရင်ကလိုပဲ အေးအေးချမ်းချမ်းလေး နေချင်တာပေါ့။ ဘယ်တတ်နိုင်မလဲ မိုးပြိုအများဆိုတော့လည်း” ဟု ပြောပြသည်။

မီးရှို့ဖျက်ဆီးခံရသော ကုန်းစည်းကျေးရွာတွင် အိမ်ခြေ ၃၀၀ ခန့်ရှိပြီး ကျေးရွာစာကြည့်တိုက် အပါအဝင် နေအိမ် ၅၉ လုံး မီးလောင်ပျက်စီးခဲ့သလို ဘုန်းတော်ကြီးကျောင်းမှ ကျောင်းပိုင်ပစ္စည်းများ၊ စားနပ်ရိက္ခာ၊ ကား၊ ဆိုင်ကယ်များကိုလည်း စစ်ကောင်စီတပ်က ဖျက်ဆီးသွားကြောင်း ဒေသခံများက ပြောသည်။

ကုန်းစည်းကျေးရွာမှာ ယခုတကြိမ်သည် ဒုတိယအကြိမ်မြောက် မီးရှို့ခံရခြင်းဖြစ်ကာ ရွာတွင် ညအိပ်တပ်စွဲခဲ့သည့် စစ် ကြောင်းသည် ယနေ့ နေ့လယ်ပိုင်းက ပြန်လည် ထွက်ခွာသွားပြီ ဖြစ်ကြောင်း၊ ထိုသို့ ထွက်ခွာစဉ် ဒေသခံ ၃ ဦးကိုလည်း ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ဒေသခံများထံမှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ကန့်ဘလူ-ကွန်းလှ-တန့်ဆည်နယ်အစပ်တွင် ဒေသကာကွယ်ရေးတပ်များနှင့် ဖြစ်ပွားခဲ့ သည့် တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်မှ သေဆုံးထိခိုက်မှု များပြားခဲ့ပြီး အရာရှိအဆင့် ၃ ဦး အရှင်ဖမ်းမိခဲ့ကာ လက်နက်ခဲယမ်း အမြောက်အမြားကို ပြည်သူ့ကာကွယ်ရေးတပ်များက သိမ်းဆည်းရရှိခဲ့သည်။

ယင်းတိုက်ပွဲအတွင်း အထိနာခဲ့သည့် စစ်ကောင်စီတပ်သည် ကျွန်းလှမြို့နယ်အတွင်းသို့ လေကြောင်းဖြင့် စစ်အင်အား ဖြည့် တင်းပြီး ထိုးစစ်ဆင်ရန် ပြင်ဆင်နေခြင်း ဖြစ်သလို ယမန်နေ့ကလည်း ကန့်ဘလူမြို့ရှိ အမြောက်တပ် ၆၀၀၆ တပ်အတွင်းသို့ စစ်ရဟတ်ယာဉ် ၂ စီးဖြင့် လက်နက်၊ ရိက္ခာ၊ လူအင်အားများ ဖြည့်တင်းခဲ့သေးကြောင်း ဒေသတွင်း သတင်းရင်းမြစ်များထံ မှ သိရသည်။

ယခုအခါ ကန့်ဘလူ–ကျွန်းလှအစပ်နှင့် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းတွင် စစ်ကောင်စီတပ်များ စစ် ကြောင်း ၂ ကြောင်းခွဲပြီး ထိုးစစ်ဆင်နေသဖြင့် ကျွန်းလှနှင့် ကန့်ဘလူ မြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံ ၄ သောင်းကျော်ထိ စစ်ဘေးရှောင်နေကြရကြောင်း သိရသည်။

https://burma.irrawaddy.com/news/2022/08/26/254149.html

-------------------------------------------------------------------------------------------------------

## ကျွန်းလှမြို့နယ်မှာ လေကြောင်းပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံး

2022.08.26




စစ်ကိုင်းတိုင်း ကျွန်းလှမြို့အဝင်ကို တွေ့ရစဉ် Photo: Citizen Journalist

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် အနောက်မြောက်ခြမ်းက ရွာတွေဘက်ကို စစ်ကောင်စီတပ်က ဩဂုတ်လ ၂၅ ရက် မနေ့ ညနေပိုင်းက စစ်ရဟတ်ယာဉ်တွေနဲ့ ပစ်ခတ်ရာမှာ သဖန်းဆိပ်ဆည် အနောက်ဘက်ကမ်းမှာရှိတဲ့ တည်ပင်ဆိပ်ရွာက အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးတို့ သေဆုံးသွားတယ်လို့ ဒေသခံတွေနဲ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက ပြောပါတယ်။

စစ်ရဟတ်ယာဉ်သုံးစင်းနဲ့ ပစ်ခတ်ရာမှာ အရပ်သားတွေ ထိခိုက်မှုရှိခဲ့တာလို့ ကျွန်းလှမြို့နယ်က ဒေသကာကွယ် ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။

**“သူတို့ မနေ့က ညနေပိုင်းမှာ ရဟတ်ယာဉ် နှစ်စင်း၊ သုံးစင်းနဲ့ ပတ်ချာလည်ပစ်တယ်။ ရွာတွေထဲကိုလည်း ပစ်တယ်။ မိန်ကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်တော့ သေသွားတယ်။ ထွက်ပြေးတဲ့ စစ်ဘေးရှောင်တွေကို လည်း အပေါ်ကနေ ရဟတ်ယာဉ်နဲ့ လိုက်ပစ်တယ်။ ဒီနေ့မနက်လည်း ရဟတ်ယာဉ်တွေဝဲတယ်။ လူချတာလား ဘာလား သေချာမသိရသေးဘူး**

မနေ့က ပစ်ခတ်မှုတွေကြောင့် တည်ပင်ဆိပ်ရွာအပါအဝင် ဆိပ်ဖူး၊ ရှမ်းကုန်း၊ သက္ကယ်ကျင်း၊ ကုန်းစည်း၊ ဝေလမူ စတဲ့ ရွာပေါင်း ခုနစ်ရွာလောက်က ဒေသခံတွေ ဘေးလွတ်ရာကို ထွက်ပြေးနေရတယ်လို့ သူက ဆိုပါတယ်။

ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဒေသခံပြည်သူအရေအတွက်နဲ့ လေကြောင်းပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူတွေရဲ့ အမည်နဲ့ အသက်တွေကိုတော့ မသိရသေးပါဘူး။

ဩဂုတ်လ ၂၆ ရက် ဒီနေ့မနက်မှာလည်း ကုန်းစည်းနဲ့ သက္ကယ်ကျင်း ရွာတွေဘက်ကို စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကျွန်းလှတက်ကြွလှုပ်ရှားသူများအဖွဲ့ကတော့ ကုန်းစည်းရွာကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး ရွာကို မီးရှို့နေတယ်လို့ ဒီနေ့မနက်မှာ သူတို့အဖွဲ့ရဲ့ လူမှုကွန်ရက် စာမျက်နှာမှာ ဖော်ပြထားပါတယ်။

အခုဖြစ်ရပ်တွေနဲ့ ပတ်သက်လို့ RFA က သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီ ဘက်ကလည်း တစ်စုံတစ်ရာထုတ်ပြန်လာတာမျိုး မတွေ့ရသေးပါဘူး။

ကျွန်းလှမြို့နယ်ထဲကို မနေ့က လေကြောင်းပစ်ခတ်မှုတွေလုပ်တဲ့အပြင် မြေပြင်ကိုလည်း စစ်သားအင်အား အများအပြား ချထားပေးခဲ့တာကြောင့် ရွာတွေကို စစ်ကြောင်းထိုးတာ၊ ဝင်ရောက်စီးနင်းတာတွေ လုပ်မှာ စိုးရိမ်နေရတယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။

https://www.rfa.org/burmese/news/airstrike-two-civilians-dead-in-kyun-hla-08262022042129.html

-----------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးဝင်ရောက်လာနေ၍ ထားဝယ်-ထီးခီးလမ်းပိုင်းတွင် ခရီးသွားလာခြင်း ကို ရှောင်ရှားရန်သတိပေး

By မဇ္ဈိမ | 26 August 2022



စစ်ကောင်စီတပ်သည် တနင်္သာရီတိုင်း ၊ ထားဝယ်ခရိုင် ၊ ထားဝယ်မြို့နယ်ရှိ ထားဝယ်-ထီးခီး လမ်းပိုင်းတွင် ယနေ့ ဩဂုတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစတင်၍ အင်အားအလုံးအရင်းဖြင့် စစ်ကြောင်း ထိုးဝင်ရောက်လာကြောင်း တနင်္သာရီစစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့ထံက သိရသည်။

ထိုသို့ စစ်ကောင်စီတပ်ကစစ်ကြောင်းထိုးဝင်ရောက်လာ၍ စစ်ရေးတင်းမာသည့် အခြေအနေတွင်ရှိနေပြီး ပြည်သူများအနေဖြင့် ထားဝယ်-ထီးခီးလမ်းပိုင်းတွင် ခရီးသွားလာခြင်းကိုရှောင်ရှားပေးရန် တနင်္သာရီ စစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့က သတိပေးထုတ်ပြန်ထားသည်။

လက်ရှိတွင် စစ်ကောင်စီတပ်သားအများအပြားကို ထားဝယ်-ထီးခီးလမ်းပိုင်း နေရာအနှံ့အပြားတွင် ကင်းပုန်းချထားကြောင်း တနင်္သာရီ စစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိထံက သိရသည်။

“စခ(စစ်ကောင်စီတပ်သား)တွေ ရွာထဲဝင်ရင် အိမ်တံခါးတွေ ရိုက်ဖွင့်ပြီး သူတို့ လိုချင်တာတွေ ယူသွားတာ မျိုး၊ လူတွေ့ရင် လူသားတံတိုင်းလုပ်ဖို့၊ လမ်းပြဖို့ဖမ်းတာမျိုး၊ တရားမဲ့သတ်ဖြတ်တာမျိုးရှိတယ်။ နောက် ကင်းပုန်းဝပ်နေတဲ့ စခတွေက လမ်းသွားလမ်းလာတွေဆီက ငွေညှစ်တာ၊ ဈေးသည်တွေဆီက သူတို့ လိုချင်တာတွေကို အတင်းယူတာမျိုးတွေလုပ်လေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ကြိုတင်ပြင်ဆင်နိုင်အောင် အခုလို အသိပေး ထုတ်ပြန်ရခြင်း ဖြစ်ပါတယ်”ဟု တနင်္သာရီစစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့၏ ပြောရေးဆိုခွင့် ရှိသူက မဇ္ဈိမကို ပြောသည်။

အကြမ်းဖက် စစ်ကောင်စီတပ်အား အမျိုးသားညီညွတ်ရေးအစိုးရ( NUG)၏ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များနှင့် မဟာမိတ်တပ်များအနေဖြင့် စစ်ရေးအရအရေးယူမှုများ ပြုလုပ်သွားရန်ရှိ၍ ရင်ဆိုင်တိုက်ပွဲများ အချိန်မရွေး ပေါ်ပေါက်လာနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

စစ်ကောင်စီတပ်သည် အဆိုပါ လမ်းပိုင်းတွင်တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးသော်လည်း ကျေးရွာအတွင်း အပြင်များကို လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုများ စတင်ပြုလုပ်နေသည်ဟု တနင်္သာရီစစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ထပ်မံ ပြောကြားသည်။

ထို့ကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် စစ်ဘေးလွတ်ရာသို့ ရှောင်တိမ်းခြင်းများကို နီးစပ်ရာပြည်သူ့တော်လှန်ရေးတပ်သားများ၊ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီရယူ၍ ဆောင်ရွက်ကြပါရန် တနင်္သာရီစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့က မေတ္တာရပ်ခံထားသည်။

https://www.mizzimaburmese.com/article/114191

---------------------------------------------------------------------------------------------------------------

## ဖက်ဒရယ် ရဲယူနစ်တခုအဖြစ် ရပ်တည်မည်ဟု ကရင်နီပြည်ရဲ ပြော

By ဧရာဝတီ | 26 August 2022

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် ကရင်နီပြည်ရဲ (KSP) အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် ဖက်ဒရယ်မူအရ ပြည်နယ်ရဲယူနစ်တခု အဖြစ်လည်း ရပ်တည်သွားမည် ဖြစ်ကြောင်း KSP တာဝန်ရှိသူ ကိုဘိုဘိုက ပြောသည်။

၎င်းက "NUG ရဲ့ ပြည်သူ့ရဲတပ်ဖွဲ့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ကျနော်တို့က ဖက်ဒရယ်ဒီမိုကရေစီကို သွားမှာ ဖြစ်လို့ ဖက်ဒရယ်ရဲ့ အနှစ်သာရအတိုင်း သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် NUG က ဖွဲ့ထားတာက ပြည်ထောင်စုရဲ ဖြစ် တယ်။ ဥပမာ- USA (အမေရိကန်) မှာဆို FBI (Federal Bureau of Investigation) တို့လိုမျိုးပေါ့။ ကျနော်တို့က ပြည် ထောင်စုမှာ ပါဝင်တဲ့ ဖက်ဒရယ်ယူနစ်တခုရဲ့ ရဲ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၁ ဩဂုတ် ၂၅ ရက်တွင် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသည့် ရဲတပ် ဖွဲ့ဝင် ၃၀၀ ကျော်ဖြင့် စတင် ဖွဲ့စည်းခဲ့သော ကရင်နီပြည်ရဲ (KSP) မှာ ယမန်နေ့က ၁ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပြီး ယခုအခါ တပ်ဖွဲ့ဝင်သစ် ဝင်ရောက်မှုများ ရှိသလို အမျိုးသမီးပါဝင်မှုမှာလည်း ၂၇ ရာခိုင်နှုန်း ရှိနေကြောင်း KSP က ဆိုထားသည်။

KSP ဖွဲ့စည်းခြင်း ၁ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် NUG ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ ကလည်း သဝဏ်လွှာပေးပို့ခဲ့ပြီး KSP ၏ လုပ်ဆောင်မှုများအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စအဝဝကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

NUG အနေဖြင့်လည်း ပြည်သူ့ရဲတပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်းကာ CDM ရဲတပ်ဖွဲ့ဝင်များဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင် ထားပြီး NUG ၏ ထုတ်ပြန်ချက်အရ CDM ပြုလုပ်ထားသည့် ရဲတပ်ဖွဲ့ဝင်ပေါင်း ၃၀၀၀ ခန့် ရှိကြောင်း သိရသည်။

၁ နှစ်တာအတွင်း KSP အနေဖြင့် ထောက်ပံ့လှူဒါန်းငွေ ကျပ် ၁၁၃၁ သိန်းကျော် ရရှိခဲ့ရာ အားလုံး ပြန်လည်သုံးစွဲထားပြီ ဖြစ်ပြီး အဆိုပါ ရရှိငွေများအနက် NUG ၏ ထောက်ပံ့မှု ၂၀ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ် သည့် လက်နက်ခဲယမ်းနှင့် ရဲဝတ်တန်ဆာများအတွက်လည်း KSCC တွင် ပါဝင်သည့် NUG ဒုဝန်ကြီးများ၏ ကူညီချိတ် ဆက်မှုများဖြင့် ရရှိမှုများ ရှိခဲ့ကြောင်း KSP ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

လက်ရှိတွင် ဒေသအတွင်း နယ်မြေအကျယ်အဝန်းအရ တပ်ဖွဲ့ဝင်များ လိုအပ်လျက် ရှိနေသည့်အပြင် ငွေကြေးနှင့် လက် နက်ခဲယမ်း၊ လုပ်ငန်းသုံးယာဉ်နှင့် ရဲဝတ်တန်ဆာများ လိုအပ်နေဆဲ ဖြစ်ကြောင်းလည်း KSP က ဆိုသည်။



စစ်အာဏာရှင်ကို ဆန့်ကျင်၍ ပြည်သူများဘက်မှ ရပ်တည်ကာ CDM ပြုလုပ်ခဲ့ကြသည့် ကယားပြည်နယ် ရဲတပ်ဖွဲ့ဝင်များ

KSP ၏ ထုတ်ပြန်ချက်အရ ဖွဲ့စည်းတည်ထောင်သည့် ၁ နှစ်အတွင်း ဒေသတွင်းကာကွယ်ရေးတပ်များ ထိန်းချုပ်ရာနေရာ များ၌ ရဲစခန်း ၇ ခု၊ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုပေးသည့်နေရာများတွင် လုံခြုံရေးရဲကင်း ၂ ခု တည်ထောင်နိုင်ခဲ့ပြီး အမှုပေါင်း ၂၃၅ မှုကို ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူမှုများတွင် စစ်ကောင်စီထံ သတင်းပေးမှု ၁၃ မှု၊ စစ်ကောင်စီကို အားပေးမှု ၇၆ မှု၊ မူးယစ်ဆေးဝါးမှု ၃၁ မှု၊ မုဒိမ်းမှု ၁ မှု၊ ခိုးမှု ၁၁ မှု၊ အိမ်တွင်းအကြမ်းဖက်မှု ၈ မှု၊ Non-CDM ၄၃ ဦး၊ တပ်ပြေး ၁၃ ဦး၊ ရဲပြေး ၄ ဦး၊ မူးယစ်ရမ်းကား ၂၇ ဦး၊ စစ်သုံ့ပန်း ၈ ဦးတို့ ပါဝင်ပြီး ၎င်းတို့ထဲမှ ၆၀ ဦးအား လူသားချင်းစာနာထောက်ထားမှုအရ ပြစ်ဒဏ်လျှော့ပေါ့ကာ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီး ဖြစ်ကြောင်းလည်း KSP က ဆိုထားသည်။

KSP အနေဖြင့် အာဏာရှင်စနစ်အား ဆန့်ကျင်၍ ဖက်ဒရယ်စနစ်ကို အခြေခံကာ ပြည်သူလူထုအား ဗဟိုပြုပြီး တရားဥပဒေ စိုးမိုးရေး၊ လုံခြုံရေးနှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းလည်း ပြောထား သည်။

ကိုဘိုဘိုက "KSP အနေနဲ့ နောင်တချိန်မှာ အာဏာရှင်လက်အောက်က လက်ကိုင်တုတ်ဖြစ်နေတဲ့ ရဲတွေအစား ပြည်သူလူ ထုကို အမှန်တကယ် ဝန်ဆောင်မှုပေးမယ့် ပြည်သူ့ရဲ၊ ဒီမိုကရက်တစ်ရဲ ဖြစ်လာဖို့ မျှော်လင့်ရည်မှန်းထားပါတယ်" ဟု ဆိုသည်။

ကရင်နီပြည်ရဲ (KSP) အခြေစိုက်ရာ ကယား (ကရင်နီ) ပြည်နယ်တွင် ကရင်နီတပ်မတော် (KNPP/KA)၊ ကရင်နီအမျိုးသား များကာကွယ်ရေးတပ် (KNDF) နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များ (PDF) က အာဏာသိမ်း စစ်ကောင်စီကို ခုခံ တိုက်ခိုက်နေရာ တိုက်ပွဲများ နေ့စဉ်နီးပါး ဖြစ်ပွားနေသည်။

အဆိုပါ တိုက်ပွဲများကြောင့် ဒေသခံပြည်သူသောင်းချီ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိတွင် စစ်ဘေးရှောင်စခန်းများ၌ စားနပ်ရိက္ခာ မလုံလောက်မှုများ ကြုံတွေ့နေရကြောင်းလည်း ဒေသတွင်းအဖွဲ့အစည်းများက ပြောဆိုထားသည်။

https://burma.irrawaddy.com/news/2022/08/26/254145.html

------------------------------------------------------------------------------------------------------------

## ဖရူဆိုမြို့နယ် ငွေတောင်ရွာသစ် ကျေးရွာ၌ တပ်စွဲထားသည့် စစ်ကောင်စီတပ်ကိုPDF ဝင်တိုက်ရာ စစ်သား ၇ ဦး သေဆုံးကြောင်း PDF ပြော

By နောင်နောင် | 26 August 2022



မဇ္ဈိမ ။ ။ ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နယ် ထီးပေါ်ဆိုအုပ်စု၊ ငွေတောင်ရွာသစ် ကျေးရွာတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကို ဒေသကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့က သွားရောက် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ခုနစ်ဦး

သေဆုံးသွားကြောင်း ဒီးမော့ဆို PDF တာဝန်ရှိသူက မဇ္ဈိမကို အခိုင်အမာ ပြောသည်။

ဒီးမော့ဆို- ဖရူဆိုနယ်စပ်ရှိ ငွေတောင်ရွာသစ်ကျေးရွာက အင်အား ၂၀၀ ဝန်းကျင်ရှိသော စစ်ကောင်စီတပ်ကို PDF ပူးပေါင်းတပ်ဖွဲ့က ဩဂုတ်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။



"တိုက်ပွဲက နေ့တိုင်းလိုလို ထိတွေ့မှု ရှိပါတယ်၊ ၂၄ ရက်နေ့ တိုက်ပွဲမှာတော့ အကြမ်းဖက်စစ်တပ်ဘက်က ငါးယောက်သေတယ်၊ ထိခိုက်ဒဏ်ရာရရှိမှု တချို့ ရှိခဲ့တယ်လို့ သိရပါတယ်၊ သူတို့ဘက်က လက်နက်ကြီးနဲ့ အဆမတန် ပစ်ခတ်တော့ ကျွန်တော်တို့ဘက်က ပြန်ဆုတ်လာခဲ့ပါတယ် " ဟု ဒီးမော့ဆို PDF တာဝန်ရှိသူက မဇ္ဈိမကို ပြောသည်။

အဆိုပါ ငွေတောင်ရွာသစ်ကျေးရွာက စစ်ကောင်စီတပ်သားများကို ဩဂုတ်လ ၂၄ ရက်နေ့တွင် တစ်ကြိမ် သွားရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ငါးဦး သေဆုံးပြီး ဩဂုတ်လ ၂၅ ရက်နေ့တွင် ထိတွေ့တိုက်ပွဲနှစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့ရာ ထိုတိုက်ပွဲတွင် စစ်ကောင်စီသား နှစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောသည်။

စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်မှု ရှိခဲ့သော်လည်း PDF ပူးပေါင်း တပ်ဖွဲ့များဘက်က အထိအခိုက်အကျအဆုံး မရှိခဲ့ကြောင်း ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုကို ဒီးမော့ဆို PDF၊ မဟာမိတ် ကရင်နီတော်လှန်ရေးတပ်ပေါင်းစု (KRU) နှင့် အလယ်ပိုင်းတိုင်း (၁၁၀၆)တပ်ရင်းတို့ ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ခန့်မှန်းခြေ အင်အား ၂၀၀ ဝန်းကျင် ပါဝင်သော စစ်ကောင်စီစစ်ကြောင်းသည် ယခုဩဂုတ်လ ၂၀ ရက်နေ့က စတင်ပြီး ဒီးမော့ဆိုမြို့နယ် သဲတောင်၊ ခြေတော်ရာ ဘုရားနှင့် ဖရူဆိုမြို့နယ် ငွေတောင်ရွာသစ် ကျေးရွာတွင် စစ်ကြောင်းဖြန့်ကြက်ထားကြောင်း ဒေသကာကွယ်ရေး တပ်ဖွဲ့က ပြောသည်။

လက်ရှိမှာ ငွေတောင်ရွာသစ်ကျေးရွာက စစ်ကောင်စီစစ်ကြောင်း တိုက်ခိုက်ခံရပြီးနောက် အနီးအနားဝန်းကျင်က ကဒါးလားတောင်၊ ထီးတော်ကူးနှင့် ထီးပေါ်ဆို စသည့် ကျေးရွာများတွင် စစ်တပ်ဘက်က ထပ်မံတပ်ဖြန့်ချထားလိုက်ကြောင်းလည်း သိရသည်။

"တိုက်ခိုက်ခံရပြီး အခု သူတို့နေ့ချင်း ထပ်ပြီးတော့မှ တပ်ဖြန့်ထားလိုက်ကြပါတယ် " ဟု ဒီးမော့ဆို PDF ပြန်ကြားရေး တာဝန်ရှိသူက ပြောသည်။

ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် ဒေသကာကွယ်ရေး PDF ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့အကြား နေ့စဉ်ထိတွေ့ တိုက်ပွဲများ ဖြစ်နေပြီး တော်လှန်မှု အားကောင်းသော အဆိုပါ ဒေသများကို လက်မလွှတ်ရရန် စစ်ကောင်စီဘက်က အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးကာ နယ်မြေစိုးမိုးရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတွင်လည်း စစ်ကောင်စီတပ်ဖွဲ့နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားနေဆဲဖြစ်ပြီး နိုင်ငံ၏ အနောက်ဘက်ခြမ်း

ချင်းပြည်နယ်တွင်လည်း အာဏာသိမ်း စစ်ကောင်စီတပ်ကို တော်လှန်ခုခံတိုက်ခိုက်မှု အားကောင်းနေဆဲ ဖြစ်သည်။

https://www.mizzimaburmese.com/article/114159

------------------------------------------------------------------------------------------------------------

## အာဏာသိမ်း ၁ နှစ်ခွဲကျော်အတွင်း စစ်တပ်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၂၅၀ နီးပါးရှိလာ

Published By DVB | 26 August, 2022




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၁ နှစ်ခွဲကျော်အကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၂၄၈ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၅,၂၂၇ ယောက်ထိရှိပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၅ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၂,၁၃၀ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၄၀၄ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ ၈၃ ယောက်ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၂၅ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၂ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၀၇၅ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အေအေပီပီကနေ လက်လှမ်းမီသမျှ မှတ်တမ်း ပြုစုထားချက်အရ အာဏာသိမ်းချိန်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရားချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ နေအိမ်၊ အဆောက်အဦ အရေအတွက် စုစုပေါင်း ၇၀၉ ခုထက်မနည်းရှိခဲ့တယ်လို့ ဆိုပါတယ်။

ဧရာဝတီသတင်းဌာနရဲ့ ဓာတ်ပုံသတင်းထောက်ဟောင်း ကိုဇော်ဇော်ကို အိုးဘိုအကျဉ်းထောင်တွင်း အထူးတရားရုံးကနေ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နဲ့ ဩဂုတ် ၂၄ ရက်မှာ ထောင်ဒဏ် ၃ နှစ် အမိန့်ချမှတ်ခဲ့တယ် လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁၀ ရက်က ကိုဇော်ဇော်ဟာ နေအိမ်ဆီ ပြန်လာချိန်မှာ ဖမ်းဆီးခံခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် နာမည်ကျော်ပန်းချီဆရာ ကိုထိန်လင်းနဲ့ သူ့ရဲ့ဇနီးဖြစ်သူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးဟောင်း ဗစ်ကီဘိုးမန်းတို့ကို အကြမ်းဖက်စစ်အုပ်စုက ဩဂုတ် ၂၄ ရက်ညအချိန်မှာ သူတို့ရဲ့ ရန်ကုန်မြို့က နေအိမ်မှာ ဖမ်းဆီးခဲ့ပြီး အင်းစိန်အကျဉ်းထောင်မှာ ချုပ်နှောင်ထားတယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/550818

------------------------------------------------------------------------------------------------------------

## ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် PNLO ၊ LDU၊ ALP ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ လေးရက်တာ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များအား လက်မှတ်ရေးထိုး

PUBLISHED 26 AUGUST 2022



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ လေးရက်တာ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များအား လက်မှတ်ရေးထိုးခဲ့ကြကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ဩဂုတ် ၂၆ ရက်က နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး ဆွေးနွေးမှု စတုတ္ထနေ့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် တစ်ဖွဲ့ခြင်း သီးခြားစီ တွေ့ဆုံခဲ့ကြောင်းနှင့် ယင်းသို့တွေ့ဆုံရာတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် စတုတ္ထနေ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လေးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေး နွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

https://news-eleven.com/article/236361

--------------------------------------------------------------------------------------------------------

## အပစ်ရပ်အဖွဲ့တွေ လက်နက်ကိုင်ရေး အလွတ်သဘောဆွေးနွေး

၂၆ ဩဂုတ်၊ ၂၀၂၂ | ငြိမ်းချမ်း

နေပြည်တော်ကို ရောက်ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၃ ဖွဲ့ခေါင်းဆောင်နဲ့ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ဆွေးနွေးပွဲမှာ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအနေနဲ့ လက်နက် ဆက်ကိုင်ချင်တယ်ဆိုရင် တပ်မတော် ဒါမှမဟုတ် နယ်ခြားစောင့်တပ်မှာ တာဝန်ထမ်းဆောင်ဖို့ စစ်ကောင်စီဘက်က ထပ်မံဆွေးနွေးခဲ့ပါတယ်။ အလွတ်သဘော ဆွေးနွေးတာဖြစ်ပြီး ဒီ ကိစ္စ လွယ်လွယ်နဲ့ သဘောတူညီချက်ရဖို့ မဖြစ်နိုင်သေးဘူးလို့ ဆွေးနွေးပွဲမှာ ပါဝင်တက်ရောက်သူတဦးက ပြောပါတယ်။ ရန်ကုန်ကလာတဲ့ ဒီသတင်းကို ကိုငြိမ်းချမ်းက တင်ပြထားပါတယ်။

ဒီလိုဆွေးနွေးတာကတော့ အလွတ်သဘောတွေ့ဆုံချိန် ဆွေးနွေးတာဖြစ်ပြီး တရားဝင်အစည်းအဝေးအတွင်းမှာတော့ ပြည်ထောင်စုသဘောတူညီချက်တွေနဲ့ ဖွဲ့စည်းပုံပါအချက်တွေကို ရှင်းလင်းညှိနှိုင်း သဘောတူခဲ့ကြပါတယ်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး LDU က ခေါင်းဆောင်တွေဟာ အင်္ဂါနေ့ကနေ သောကြာနေ့အထိ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နဲ့ နေပြည်တော်မှာ ဆွေးနွေးခဲ့တာပါ။

ဒီနေ့ ပြီးဆုံးခဲ့တဲ့ ၄ ရက်တာ အစည်းအဝေးမှာ NCA လက်မှတ်ထိုးပြီးနောက် တပ်မတော် ဒါမှမဟုတ် နယ်ခြားစောင့်တပ်မှာ တာဝန်ထမ်းဆောင်ဖို့ စစ်ကောင်စီဘက်က အလွတ်သဘော ထပ်မံ ဆွေးနွေးခဲ့ကြောင်းကို LDU ရဲ့ အထွေထွေ အတွင်းရေးမှူးကျာယာကုတ်က VOA ကို အခုလို ပြောပါတယ်။

“ ဒီလက်နက်ကိုင်ကိစ္စနဲ့ပတ်သက်လို့ သူတို့ ထပ်ပြောလာတာက လက်နက်ကိုင် ချင်တယ်ဆိုရင် လက်နက်ရှိတဲ့ EAO အဖွဲ့အစည်းတွေက စစ်တပ်ထဲ ဝင်ပေါ့။ BGF ထဲဝင်ပေါ့။ သူတို့ဘက်ကတော့ အဲလို ဆွေးနွေးတာပေါ့။ အစည်းအဝေးထဲမှာတော့ မဆွေးနွေးဘူး။ အပြင်မှာ အလွတ်သဘော ပြောတဲ့အချိန်မှာ ထည့်ပြောတာလေ။ ဒါပေမယ့် ဒီဘက်ကတော့ ဒါက လွယ်လွယ်နဲ့ အဆင်ပြေလာမှာ မဟုတ်ဘူးလေ။ ”

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က NCA အပစ်ရပ်စာချုပ် လက်မှတ် ရေးထိုးပြီးနောက် လက်နက် ဆက်လက်ကိုင်ဆောင်မယ်ဆိုရင် တပ်မတော်နဲ့ နယ်ခြားစောင့်တပ်မှာ ဝင်ရောက် တာဝန်ထမ်းဆောင်ဖို့ ခွင့်ပြုမှာ ဖြစ်ကြောင်းကို ဒီလ ၂၂ ရက်နေ့က ကျင်းပတဲ့ စစ်ကောင်စီအစိုးရအဖွဲ့အစည်းအဝေးမှာ ထည့်သွင်းပြောဆိုထားပါတယ်။

လက်ရှိ နေပြည်တော်မှာ ကျင်းပနေတဲ့ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို NCA အပစ်ရပ် လက်မှတ်ထိုးထားတဲ့ အဖွဲ့ ၃ ဖွဲ့နဲ့ မထိုးတဲ့ ၅ ဖွဲ့က ပါဝင် တက်ရောက်ခြင်း မရှိပါဘူး။ စစ်ကောင်စီတပ်တွေနဲ့လည်း သက်ဆိုင်ရာဒေသတွေမှာ တိုက် ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။

စစ်ကောင်စီဘက်က နယ်ခြားစောင့်တပ်ဒါမှမဟုတ် စစ်တပ်ထဲမှာ ပါဝင်ထမ်းဆောင်ဖို့ ကမ်းလှမ်းပေမယ့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တချို့ကတော့ သူတို့ ဘက်က အဆင့်သင့် မဖြစ်သေးဘူးလို့ တုံ့ပြန်ထားပါတယ်။

လေ့လာသုံးသပ်သူတွေကတော့ လက်ရှိအခြေအနေမှာ လက်နက်ကိုင် တပ်တွေကို ရပ်တည်မှုပုံစံပြောင်းလဲရေးက NCA လက်မှတ် ရေးထိုးထားတဲ့အဖွဲ့တွေရော၊ မထိုးသေးတဲ့အဖွဲ့တွေအတွက်ပါ အခက်အခဲရှိနေတယ်လို့ မြင်တဲ့အကြောင်း သုံးသပ်ပြောဆိုကြပါတယ်။

[https://burmese.voanews.com/a/အပစ္ရပ္အဖြဲ႔ေတြ-လက္နက္ကိုင္ေရး-စစ္ေကာင္စီ-နယ္ျခားေစာင့္တပ္-/6717992.html](https://burmese.voanews.com/a/အပစ္ရပ္အဖြဲ႔ေတြ-လက္နက္ကိုင္ေရး-စစ္ေကာင္စီ-နယ္ျခားေစာင့္တပ္-/6717992.html)

---------------------------------------------------------------------------------------------------

## ဒွယ်လိုးမြို့နယ်အတွင်း မှတ်ပုံတင်မပါဘဲ သွားလာသူများကို ဒဏ်ငွေ ကျပ် ၂ သိန်းရိုက်မည်ဟု BGF အမိန့်ထုတ်

### ဩဂုတ် ၂၆ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ




ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေ မူတြော် (ဖာပွန်)ခရိုင်၊ ဒွယ်လိုးမြို့နယ်အတွင်း ခရီးသွားလာသူများအနေဖြင့် မှတ်ပုံတင် မပါဘဲသွားလာပါက ဒဏ်ငွေ ကျပ် (၂)သိန်းရိုက်မည်ဖြစ်ကြောင်း စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF)မှ အမိန့်စာထုတ်ပြန်ခဲ့သည်ဟု ဒေသခံများက ပြောသည်။

ဒွယ်လိုးမြို့နယ်ရှိ မာထော၊ လေးဖိထာ၊ ကတိုင်တိနှင့် ထိသာဘလုထကျေးရွာများတွင် နေထိုင်သည့် ဒေသခံများ အနေဖြင့် ခရီးသွားလာပါက မှတ်ပုံတင်ကိုင်ဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်မယူဆောင်လာသူများကို ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကာ မှတ်ပုံတင်မရှိသူများအနေဖြင့် မှတ်ပုံတင်လုပ်ဆောင်လိုပါက ကျပ်ငွေ(၃) သိန်းပေးရမည်ဖြစ်ကြောင်း BGF အမှတ် (၁၀၁၃)တပ်ရင်းက ပြီးခဲ့သည့် ဩဂုတ်လ (၁၆)ရက်နေ့တွင် အမိန့်စာ ထုတ်ထားသည်ဟု ဒေသခံများက ပြောသည်။

BGF တပ်စခန်းရှေ့ဖြတ်သွားချိန်တွင် အဖမ်းခံရသည့် ဒေသခံတစ်ဦးက “ သူတို့စခန်းရှေ့က လမ်းမပေါ်မှာ အဲဒီရက်က ကျနော်နှစ်ခေါက်လောက်ဖြတ်သွားတာ သူတို့က မသင်္ကာတာလားမသိဘူး၊ ကျနော့်ကို ဖမ်းတယ်။

အချုပ်ခန်းထဲဝင်တော့ (၄)ချက်ရိုက်ခံရတယ်။ ကျနော်က ဒေသခံပဲဆိုတော့ သူတို့စခန်းက လူတစ်ချို့သိတယ်။ ပြီးတော့ အာမခံလာထုတ်ပေးတဲ့လူရှိလို့ ကျနော်ပြန်လွတ်လာတာ။ အဲလို သွားလာတဲ့ ဒေသခံတွေ ခဏခဏ ဖမ်းခံရတာရှိတယ်၊ တချို့ဆိုရင် ငွေပေးမှပြန်လွှတ်ပေးတယ် ”ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ BGF တပ်ဖွဲ့သည် ဒေသအတွင်း ခရီးသွားလာပြည်သူများကို စစ်ဆေးမေးမြန်းမှုများ ပိုမိုလုပ်ဆောင်လာသကဲ့သို့ တပ်မဟာ(၅)နယ်မြေအတွင်း ဝင်ရောက်လှုပ်ရှားသည့် BGF တပ်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများ နေ့စဉ်ကျူးလွန်လျက်ရှိသည်ဟု KNU မူတြော်ခရိုင်သတင်းစဉ်က ဩဂုတ်လ( ၁၈) ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

မှတ်ပုံတင်မပါဘဲ ခရီးသွားမည့် ဒေသခံများကို ဒဏ်ငွေ(၂)သိန်းရိုက်မည်ဟု အမိန့်ထုတ်ပြန်ချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ BGF (၁၀၁၃) တပ်မှ တာဝန်ရှိသူများကို ကေအိုင်စီအနေဖြင့် ဆက်သွယ်မေးမြန်း၍မရရှိသေးပေ။

KNU မူတြော်ခရိုင်၊ တပ်မဟာ(၅)နယ်မြေအတွင်း လှုပ်ရှားနေသည့် စစ်ကောင်စီလက်အောက်ခံ BGF တပ်ဖွဲ့ဝင်များသည် ဒေသခံရွာသားများ၏ လယ်၊ ယာ လုပ်ငန်းခွင်နှင့် စားကျက်မြေများပေါ်တွင် မိုင်းထောင်ထားခြင်းများလုပ်ဆောင်သည့်အတွက် ဒေသခံ၏ အိမ်မွေးတိရိစ္ဆာန်နွားများ မိုင်းနင်းမိ သေဆုံးမှုများရှိသည်ဟု ဒေသခံများက ပြောသည်။

ယခုဩဂုတ်လ(၁)ရက်မှ (၁၅) ရက်နေ့အထိတွင် ကေအဲန်ယူ မူတြော်ခရိုင်၊ တပ်မဟာ(၅)နယ်မြေတွင် BGF နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ကြား ထိတွေ့ရင်ဆိုင်တိုက်ပွဲပေါင်း (၅၃) ကြိမ်ဖြစ်ပွားပြီး BGF တပ်ဘက်မှ (၄၃)ဦးကျဆုံးကာ (၁၇) ဦးထိခိုက်ဒဏ်ရာရရှိသလို KNLA တပ်ဘက်မှလည်း ရဲဘော် (၁)ဦးကျဆုံးခဲ့သည်ဟု ကေအဲန်ယူက ထုတ်ပြန်ထားသည်။

https://kicnews.org/2022/08/ဒွယ်လိုးမြို့နယ်အတွင်း/

---------------------------------------------------------------------------------------------------

## စစ်ဆေးရေးဂိတ် ရုပ်ရန် စစ်ကောင်စီသတိပေးသော်လည်းAA ဆက်လက်တပ်စွဲထား

By ဧရာဝတီ | 26 August 2022

ရခိုင်ပြည်နယ်၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းမြို့ကို ဆက်သွယ်ထားသည့် ပြားချောင်းကြီးတံတားထိပ်၌ ရက္ခိုင့်တပ်တော် (AA) ၏ စစ်ဆေးရေးဂိတ် ထားရှိမှုအပေါ် စစ်ကောင်စီက ဖယ်ရှားပေးရန် သတိပေးပြောဆိုသော်လည်း AA တပ်မှူးများက ရုပ်သိမ်းခြင်းမရှိဘဲ ဆက်လက်ဖွင့်ထားကြောင်း သိရသည်။

AA က စစ်ကောင်စီ၏ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ပုဏ္ဏားကျွန်းမြို့နယ်ဘက်ခြမ်း ပြားချောင်းကြီး တံတားထိပ်တွင် ယခုလဆန်းကတည်းက လာရောက် တပ်စွဲထားခြင်းဖြစ်ပြီး၊ ပြီးခဲ့သည့်ရက်ပိုင်းက ရသေ့တောင် ရှေ့တန်း စစ်ဗျူဟာမှူးက ပြားချောင်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် အုပ်ချုပ်ရေးအဖွဲ့ဝင်များမှတဆင့် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား ရုပ်သိမ်းဖို့ သတိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့အတွက် နှစ်ဖက် စစ်ရေးတင်းမာလျက်ရှိပြီး တိုက်ပွဲများ အချိန်မရွေး ဖြစ်နိုင်သဖြင့် ပြားချောင်းကြီးကျေးရွာ အပါအဝင် ပြင်ခေါင်း၊ အလယ်ရွာ၊ ပြင်ခေါင်းရွာသစ် စသည့် ကျေးရွာများမှ ဒေသခံများမှာ ထွက်ပြေးတိမ်းရှောင်လျက် ရှိကြောင်း ပြားချောင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင် တဦးက ဧရာဝတီသို့ ပြောသည်။

၎င်းက "ကျနော်တို့ ရွာသူရွာသားတွေ မနေရဲဘူးဆိုတာ တဖက်နဲ့တဖက် နီးနီးကပ်ကပ်ဖြစ်နေပြီး တံတားရဲ့ ဟိုဘက်ခြမ်း (ရသေ့တောင်မြို့ဘက်) က စစ်ကောင်စီတပ်၊ ကျနော်တို့ ရွာဘက်ခြမ်းမှာ AA တပ်။ ဟိုဘက်နဲ့ဒီဘက် ဆိုင်နေပြီ။ ကျနော် တို့ ရွာသားတွေကို စစ်တပ်က AA ဂိတ်ကို ရုပ်သိမ်းဖို့ ပြောခိုင်းတယ်။ အမြင်မတော်ဘူးဆိုတဲ့ သဘောမျိုးနဲ့ AA ကလည်း မဆုတ်ဘူး။ တိုက်ပွဲဖြစ်ရင် စစ်ကောင်စီက ရွာဘက်ကို ဦးတည်ပစ်ခတ်လာနိုင်တဲ့အတွက် ရွာလုံးကျွတ် ပြေးနေကြရတာ" ဟု ဆိုသည်။

အဆိုပါ ရသေ့တောင်မြို့ထွက် ပြားချောင်းကြီးတံတားပေါ်တွင် လက်ရှိအခြေအနေ၌ စစ်ကောင်စီတပ်နှင့် AA တပ်ဖွဲ့တို့သည် တံတား၏ တဖက်ခြမ်းစီတွင် အသီးသီး ကတုတ်ကျင်းကြီးများတူးပြီး နေရာယူတပ်ဆိုင်ထားကြကာ ရှေ့တိုးလာလျှင် ပစ် ခတ်တိုက်ခိုက်မည့် အနေအထား ဖြစ်နေကြောင်းလည်း ဒေသခံများက ပြောသည်။

စစ်ဆေးရေးဂိတ် ရုပ်ရန် စစ်ကောင်စီ၏ သတိပေးချက်အပေါ် AA မြေပြင်တပ်မှူးများက လက်ရှိအချိန်ထိ တပ်ဆုတ်ခြင်းမျိုး မတွေ့ရသေးသောကြောင့် စစ်ကောင်စီဘက်က အင်အား သုံးပြီး ရှေ့တိုးလာမည်လား ဆိုသည်ကိုလည်း ရသေ့တောင် ဒေသခံများက စိုးရိမ်လျက် ရှိသည်။

AA နှင့် နီးစပ်သည့် ရသေ့တောင်မြို့ခံတဦးက "စစ်ကောင်စီက ရာဇသံပေးတာလောက်ပဲ ရှိမယ်။ သူတို့ အင်အားသုံးပြီး တိုက်ခိုက်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆို သူတို့မှာ အင်အားမရှိဘူး။ အင်အားရှိရင် ချိန်ခါလိန်ရွာနားတိုက်ပွဲမှာ တပ်ခွဲတခွဲ လုံး ကျသွားတောင် စစ်ကူမလိုက်နိုင်ဘူး။ သူတို့သာ အမှန်အင်အားရှိရင် ဒီလောက်ကျသွားတာ ဘယ်ငြိမ်ခံမလဲ။ အခု ရာဇ သံပေးတာလည်း သွားမရှိတဲ့လူက တောက်ခေါက်ပြီး ခြိမ်းခြောက်တဲ့ သဘောမျိုးပဲလို့ မြင်တယ်" ဟု မှတ်ချက်ပေးသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၃ ရက်တွင် ရသေ့တောင်မြို့နယ် ဖုံးပိုက်ကျေးရွာနှင့် ချိန်ခါလိန်ကျေးရွာကြား၊ မောင်တောမြို့နယ် ကျောက်ပန်းဒူကျေးရွာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မိုင်တိုင်အမှတ် (၄၀) အနီး စသည့် ရခိုင်ပြည်နယ်အတွင်းက နေရာ ၃ နေရာ၌ စစ်ကောင်စီတပ်နှင့် AA တပ်များကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ အများအပြား သေဆုံးကာ လက်နက်ခဲယမ်းများစွာလည်း သိမ်းဆည်းရမိခဲ့ကြောင်း AA ဘက်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအခြေနေတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကြား စစ်ရေးအရှိန်မြင့်မားနေပြီး မောင်တောနယ်စပ် တလျှောက်နှင့် ချင်းပြည်နယ်အတွင်းက ပလက်ဝမြို့နယ်များ၌လည်း ယခု ဩဂုတ်လ ဒုတိယအပတ်မှ စတင်ကာ တိုက်ပွဲ များ ဖြစ်ပွားနေကာ စစ်ကောင်စီတပ်သည် စစ်အင်အားများ ထပ်မံဖြည့်တင်းလျက် ရှိကြောင်းလည်း သိရသည်။

https://burma.irrawaddy.com/news/2022/08/26/254141.html

----------------------------------------------------------------------------------------------------

## ခမောင်းဆိပ်ဗျူဟာကုန်းအား AA ဝင်တိုက်၊ ဒေသခံများနှင့် ပညာရေးဝန်ထမ်းများ ထွက်ပြေး

Published By DVB | 26 August, 2022

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မြောက်ပိုင်း ခမောင်းဆိပ်ဗျူဟာကုန်းကို ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီကျော်က ရက္ခိုင်တပ်တော် (အေအေ) ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် ဒေသခံတွေနဲ့ ပညာရေးဝန်ထမ်းတွေ ထွက်ပြေးနေရတယ်လို့ ခမောင်းဆိပ်ကျေးရွာသားတွေက ပြောပါတယ်။

မျက်မြင်ခမောင်းဆိပ်ဒေသခံတယောက်က "ခမောင်းဆိပ်တရွာလုံး ထွက်ပြေးနေကြရပြီ။ တိုက်ပွဲတွေက နေ့တိုင်းဖြစ်နေကြတာ။ ဒါပေမဲ့ ဒီနေ့ညနေ ၃ နာရီခွဲလောက်မှာ ခမောင်းဆိပ်ဗျူဟာကုန်းကို

လက်နက်ကြီးနဲ့ပစ်တာ။ တိုက်ပွဲက တော်တော်လေး ပြင်းထန်နေပါတယ်။ ရွာသူ ရွာသားတွေ နီးစပ်ရာရွာတွေကို ထွက်ပြေးနေကြရတယ်။ တိုက်ပွဲကြောင့် ကျောင်းဆရာတွေလည်း ထွက်ပြေးသွားကြတယ် ” လို့ ပြောပါတယ်။



ဓာတ်ပုံ - ခမောင်းဆိပ် ဗျူဟာကုန်းအား AA ဝင်တိုက်မှုကြောင့် ကုန်းလမ်းကြောင်းမှ မသွားရဲဘဲ လက်ယာချောင်းအတိုင်း ထွက်ပြေးနေကြရသည့် ဒေသခံများအား တွေ့ရစဉ်။

တိုက်ပွဲတွေပြင်းထန်လာပြီး လက်ရှိ စားဝတ်နေရေး အခက်အခဲတွေကြောင့် ခမောင်းဆိပ်ကျေးရွာအုပ်စုမှ ခမောင်းဆိပ်၊ မင်းခမောက်၊ လေးမြို့ကေဒီ၊ ဝေလာတောင် စတဲ့ စာသင်ကျောင်းတွေမှာ တာဝန်ကျနေတဲ့ ဆရာ ဆရာမတွေ ဩဂုတ် ၂၆ ရက် ညနေပိုင်းက နေရပ်ပြန်နိုင်ဖို့ မောင်တောမြို့ကို တက်ရောက်လာနေကြသလို ဒေသခံတွေလည်း နီးစပ်ရာ ကျေးရွာတွေကို ကုန်းလမ်းကနေ မသွားရဲဘဲ လက်ယာချောင်းအတိုင်း ထွက်ပြေးနေကြရကြောင်း ဒေသခံတွေက ပြောပါတယ်။

ခမောင်းဆိပ်မြို့နယ်၊ လေးမြို့ကေဒီကျေးရွာမှာ တာဝန်ကျနေတဲ့ ပညာရေးဝန်ထမ်းတယောက်က “ကျနော်တို့ ဘာတွေ စားသောက်ပြီး နေထိုင်ရမလဲ။ ထမင်းစားရင်တောင် ကြက်ဥမပါတော့ဘူး။ တိုက်ပွဲတွေကလည်း နေ့တိုင်းဖြစ်နေကြတယ်။ ဒီနေ့ဆို မနက်ကစပြီး ညနေအထိ တိုက်ပွဲက အတော်လေးပြင်းထန်နေတာ။ အဲဒါကြောင့် မနေရဲတော့ဘဲ နေရပ်ပြန်လာကြတာ ” လို့ ပြောပါတယ်။

လက်ရှိမှာ စစ်ကောင်စီတပ်က အအေ အခြေစိုက်ရာ ဝေလာတောင်ကြော လက်ပံတောင်ဒေသကို ထိုးစစ်ဆင်နေပြီး ထိုးစစ်အတွက် တက်ရောက်သွားကြတဲ့ စစ်ကောင်စီတပ်တွေလည်း ပိတ်မိနေပြီး လိုအပ်တဲ့ လက်နက်၊ ရိက္ခာတွေ ထောက်ပို့ဖို့ ကုန်းလမ်းကြောင်းမှ မသွားရဲတော့ဘဲ နတ်မြစ်ရေလမ်းကြောင်းကို အသုံးပြုပြီး ထောက်ပို့တာတွေ ပြုလုပ်နေကြပါတယ်။

https://burmese.dvb.no/archives/550975

------------------------------------------------------------------------------------------------------------

## မိုင်းရှင်းလင်းရေး ဟုဆိုပြီး တစ်နှစ် နီးပါး နေရပ်သို့ မပြန်နိုင်သေး

By SHAN - August 26, 2022

တိုင်းရင်းသား လက်နက်ကိုင် အချင်းချင်းကြောင့် တစ်နှစ်နီးပါး စစ်ဘေးတိမ်းရှောင်နေရတဲ့ ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာအုပ်စုမှာ လက်ရှိချိန်ထိ နေရပ်သို့ မပြန်နိုင်သေးပဲ ဒေသတွင်း မိုင်းလင်းရှင်းရေး အကြောင်းပြချက် နဲ့ လက်နက်ကိုင် တစ်ချို့က နေရပ်သို့ အိမ်ပြန်ခွင့်မပေးကြောင်း နဲ့ ပတ်သက်ပြီး ကျောက်မဲမြို့နယ် စစ်ရှောင်အရေး ဝင်ရောက်ကူညီပေးသူ တစ်ဦး ကို သျှမ်းသံတော်ဆင့် သတင်းထောက် နန်းဒေဝီ က ဆက်သွယ်မေးမြန်းထားပါတယ်။

မေး။ ။ သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာအုပ်စုက လက်ရှိ ရွာတွေလည်း ပျက်သလို လူနေတာတွေလည်းမရှိဘူး။ တိုက်ပွဲလည်း မဖြစ်တော့ ပြည်သူတွေ ဘာကြောင့် ပြန်မနေတာရှင့်။

ဖြေ။ ။ ဘယ်လိုပြောရမလဲဆိုတော့ တိုင်းရင်းသားလက်နက်ကိုင် RCSS နဲ့ SSPP၊ TNLA တို့ကြားထဲက ဖြစ်တဲ့ ပြဿနာတွေ။ အဲ့ဒီဖြစ်တဲ့ တိုက်ပွဲတွေကြောင့် စစ်ရှောင်တွေ ရှောင်ထွက်လာတယ်။ နောက်ပိုင်း RCSS က

တပ်ဆုတ်ပေးရတဲ့ အနေအထားဖြစ်တယ်။ တပ်ဆုတ်ပြီးတော့ ရွာသားတွေက မပြန်နိုင်ဘူး။ မပြန်နိုင်ဆိုတာကလည်း မပြန်ရဲတာ။ အဲ့ဒါကြောင့်မလို့ ရွာပျက်လို ပုံစံ ဖြစ်နေရတဲ့ အနေအထားရှိတာပေါ့။

မေး။ ။ လက်ရှိ အခြေအနေ ကကော တိုက်ပွဲတွေ ဖြစ်ပွားသေးလားရှင့်။

ဖြေ ။ ။ အခုက တိုက်ပွဲမရှိတော့ဘူး။ တိုက်ပွဲမရှိလည်း တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ရှိနေတဲ့အတွက်ကြောင့် ပြည်သူတွေ မပြန်ရဲတဲ့ အနေအထားရှိတယ်။

မေး ။ ။ အိမ်တွေမှာ စာတွေရေးထားတာ တွေ့ရတာကတော့ ရှမ်းဘာသာ စကားမပြောရဘူး။ တခြား တိုင်းရင်းသား ဘာသာစကားပဲပြောရမယ်။ အဲ့လိုတွေ ရေးထားတာ တွေ့ရတယ်။ အဲ့ဒါက ဘယ်ရွာကလဲ မသိဘူးနော်။

ဖြေ။ ။ ကျနော် ကိုယ်တိုင်လဲ မတွေ့ဖူးဘူး။ မတွေ့သေးတာပေါ့နော်။ တိုင်းရင်းသား တစ်ဖက်က တခြား ဘာသာစကားပဲ သင်ရမယ်။ တခြားဘာသာစကားမသင်ရဘူးဆိုတာ ကျနော် မမြင်ဘူးဗျ။ သူများ ပြောတာပဲ ကြားရတယ်။ ပြောချင်တာက ကျနော် ကိုယ်တိုင် ကိုယ်ကျ မမြင်ရဘူး အဲ့ဒါတွေက။



ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာ

မေး။ ။ ခုလက်ရှိ အဲ့ဒီဒေသခံက သူတွေ ဘယ်ရောက်သွားပြီလဲရှင့်။

ဖြေ ။ ။ အဲ့ရွာက ဒေသခံတွေက ကျောက်မဲ စစ်ဘေးရှောင်စခန်းမှာ ရှမ်းစာပေ နဲ့ ယဉ်ကျေးမှုမြေနေရာမှာ လာနေတာရှိတယ်။ အိမ်ငှားနေတာ ရှိတယ်။ တစ်ချို့တွေက တောင်ကြီးဘက် သွားရောက် ခိုလှုံနေတာရှိတယ်။

မေး။ ။ ခုလက်ရှိချိန်ထိ သူတို့ ထွက်ပြေးတာ ဘယ်လောက်ကြာသွားပြီလဲရှင့်။

ဖြေ ။ ။ တစ်နှစ်နီးပါးလောက်ရှိသွားပြီ။ ပြီးခဲ့တဲ့ (၂၀၂၁) ခုနှစ် နိုဝင်ဘာလောက်ကတည်းက ထွက်ပြေးခဲ့တာ။ (၁၀) လကျော်ထဲမှာ ရှိနေပြီ။ တစ်နှစ်နီးပါးလောက်ရှိနေပြီ။

မေး။ ။ အခုလက်ရှိ စစ်ရှောင်တွေက ဘယ်လို စားသောက်နေထိုင်နေကြတာလဲ။

ဖြေ ။ ။ ရှမ်းစာပေ ယဉ်ကျေးမှု မြေနေရာမှာ ရောက်နေတဲ့ စစ်ရှောင်တွေကတော့ အဓိက ထောက်ပံ့ထားတာကတော့ (WFP နဲ့ Save the children) ကအဖွဲ့တွေ လာရောက်ထောက်ပံ့တာတွေရှိတယ်။ မြို့ပေါ် အိမ်ငှားလာနေတာကအစ ထောက်ပံ့တာတွေရှိတယ်။ တောင်ကြီးဘက် ရောက်သွားတဲ့ဟာတွေကတော့ ကျနော်တို့ မသိရဘူးဗျ။ အဆက်အသွယ်မရဘူး။

မေး။ ။ တိုက်ပွဲ ဖြစ်ပွားတာတွေလည်း မရှိတော့တဲ့အချိန်မှာ ဘာကြောင့် စစ်ရှောင်တွေက မိမိနေရပ်ကို မပြန်သေးတာလဲ။

ဖြေ။. ။ မပြန်နိုင်တဲ့ အကြောင်းအရင်းကလည်း ရှင်းရှင်းပြောရင် အဓိက ကတော့ ဟူးစွန်နယ်တစ်ဝိုက်က ထွက်ပြေးတိမ်းရှောင်လာတဲ့ နယ်တစ်ဝိုက်မှာ တစ်ချိန်တုန်းက RCSS က တပ်ချထားတဲ့နေရာ ရှိတယ်။ တပ်ချထားတဲ့ အနေအထားရှိခါကျတော့ တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင် ပြန်ဝင်လာတဲ့ခါကျတော့ မလုံ ကြတာပေါ့နော်။ မလုံတော့ မပြန်ရဲကြတဲ့ အနေအထားရှိတာပေါ့နော်။ တစ်ဖက်က ရှိနေတဲ့ SSPP နဲ့ TNLA ကလည်း သူတို့ကို ချိတ်ဆက်မေးမြန်းတဲ့အချိန်ကျတော့ သူတို့ မိုင်းရှင်းလင်းရေးတွေ လုပ်နေပါတယ်။ ဘာညာ အဲ့ဒီအကြောင်းပြချက်နဲ့ ပေးမပြန်တဲ့အနေအထားမှာ ရှိနေပါတယ်။

မေး။ ။ သဘောကတော့ SSPP နဲ့ TNLA တို့က ပေးမပြန်သေးတာလား။

ဖြေ ။ ။ တစ်ဖက်ကတော့ ပြန်ကြည့်တယ်။ အပေါ်ကတော့ ကျနော်တို့ SSPP တို့ TNLA တို့နဲ့ ညှိနှိုင်းဆောင်ရွက်နေဆဲပါ။ တစ်ဖက်အသံ မေးကြည့်လိုက်တဲ့ချိန်ကျတော့လည်း မိုင်းရှင်းလင်းရေးတွေ လုပ်နေတာတွေ အဲ့ဒါတွေ အကြောင်းပြချက်နဲ့ လောလောဆယ် ပြန်လို့မရတဲ့ အနေအထားမှာ ရှိနေပါတယ်။



ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာ

မေး။ ။ ဟူးစွန်ကျေးရွာကို ပြန်မယ်ဆိုရင် သျှမ်းဘာသာ စကားမပြောရဘူး။ တခြားဘာသာစကားပဲ ပြောရမယ်ဆိုတာ ပြောသံတွေကြားနေရတယ်။ အဲ့ဒါ ဟုတ်ပါသလား။

ဖြေ။ ။ အဲ့ဒါတော့ ကျနော်တို့လည်း မကြားရဘူး။ တောင်ပေါ်ဒေသပြန်တယ်။ ကိုယ့်ရပ်ရွာကို ပြန်လို့ရှိရင် တခြားဘာသာ စကားပြောရမယ်ဆိုတာ အပြင်က အပြောပဲ ရှိကြတာ။ ဘယ်လိုပြောမှာတုန်းဆိုတော့ ဒါက ခြိမ်းခြောက်တဲ့ဟာဖြစ်ရင်လည်း ဖြစ်ကောင်းဖြစ်မယ်။ ကိုယ်ကိုယ်တိုင် ကိုယ်ကျတော့ မြင်ခဲ့ရတယ်။ တွေ့ခဲ့ရတယ်ဆိုတာ မရှိပါဘူး။

မေး ။ ။ ကျောက်မဲ သျှမ်းစာပေမှာဆိုရင် အခု စစ်ရှောင်လူဦးရေက ဘယ်လောက် ရှိသွားပြီလဲရှင့်။

ဖြေ။ ။ အိမ်ထောင်စု အနေနဲ့ (၅၄) စု ရှိတယ်။ ကျား၊ မ လူငယ် လူကြီး အကုန်လုံး (၁၈၅) ရှိတယ်။

မေး။ ။ သူတို့ပြန်ဖို့ အစီအစဉ် က ဘယ်လိုရှိပါသလဲရှင့်။

ဖြေ ။ ။ ပြန်တော့ ပြန်ချင်ပါတယ်။ ခဏက ကျနော် ပြောသလို အနောက်မှာက မိုင်းရှင်းလင်းရေးတွေ လုပ်ရမယ့် ကိစ္စတွေရှိတယ်။ ပြီးခဲ့တဲ့ (၃) လ (၄) လ တုန်းကဆို အိမ်ပြန်ကြည့်တဲ့သူတွေရှိတယ်။ ပြန်လို့မရတဲ့ အနေအထားရှိတယ်။ မိုင်းရှင်းလင်းလုပ်ဖို့လိုတယ်။ ၂ ဘက်အဖွဲ့အစည်း ညှိနှိုင်းဆောင်ရွက်နေဆဲပါ။ သူတို့ အကြောင်းပြချက်က ဒါပါပဲ။

မေး။ ။ အခုချိန်ထိ စစ်ရှောင်တွေက ရွာတွေ မပြန်ဘဲနဲ့ စစ်ရှောင်စခန်းမှာ နေရတာ ဘယ်လို အခြေနေရှိလဲရှင့်။

ဖြေ ။ ။ အိမ်ပြန်လို့မရသေးတဲ့ အနေအထား။ ပြန်ကြည့်တယ် ပြန်လို့မရဘူး။ ပြန်လို့မရတဲ့ အနေအထားက ခနက ပြောသလိုပါပဲ။ သူတို့က ပြန်ချင်တာပေါ့လေ။ ကိုယ့်ရပ် ကိုယ့်ရွာ သူတို့ကတော့ ပြန်ချင်ကြတယ်။ ဒါပေမယ့် ပြန်လို့မရတဲ့အနေအထားရှိတဲ့အတွက်ကြောင့်မလို့ သူတို့အတွက် အခက်အခဲပါပဲ။ အခုကတော့ ငြိမ်သက်နေတာပေါ့နော်။ တောင်ပေါ်ဒေသလည်း တိုက်ပွဲမရှိခဲ့ဘူး။ ငြိမ်နေတဲ့အနေအထားရှိနေတာပေါ့နော်။ ဒါပေမယ့် မပြန်ရဲကြတာ။



ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာ

မေး။ ။ မပြန်ရဲဘူးဆိုတော့ ဟူးစွန်ကျေးရွာဘက်မှာ ဘယ်တိုင်းရင်းသားလက်နက်ကိုင်တွေ သွားလာလှုပ်ရှား နေကြတာလဲရှင့်။

ဖြေ။ ။ အဓိက ကတော့ TNLA နဲ့ SSPP တို့ လှုပ်ရှားရာ ဒေသပေါ့နော်။

မေး။ ။ သက်ဆိုင်ရာ တပ်ဖွဲ့ကကော ရွာသားတွေ ပြန်ဖို့အတွက်

လာပြောတာတွေရှိပါသလား။

ဖြေ ။ ။ အခုချိန်ထိတော့ SSPP ကတော့ အစောပိုင်း တုန်းကတော့ လာပါတယ်။ ဒါပေမယ့် လာတယ်ဆိုပေမယ့်လည်း အမြဲတမ်း အစီရင်ခံစာတင်နေရတယ်။ အနေအထားမှာရှိတယ်။ ခုချိန်ထိတော့ အကြောင်းပြန်ကြားဖို့က မရှိသေးဘူး။ စာရင်းလာကောက်တယ်။ သူတို့က အိမ်ပြန်ချင်လား ဘာညာ မေးမြန်းတာတွေတော့ရှိတယ်။ အခုချိန်ထိ အကြောင်းပြန်ကြား တာတော့ မရှိဘူး။

မေး ။ ။ နောက်ဆုံးအနေနဲ့ ဘာများ ဖြည့်စွက်ပြောချင်ပါသလဲရှင့်။

ဖြေ ။ ။ နေရာ ဒေသ အေးချမ်းပြီး တည်ငြိမ်သွားပြီဆိုလို့ရှိရင် အဓိက ကတော့ ပြည်သူတွေ နေရပ်ပြန်နိုင်ဖို့အတွက် အဓိက စိတ်ပါဝင်စားပြီးတော့ ကူညီဆောင်ရွက်ပေးဖို့ ဘယ်အဖွဲ့အစည်းမဆို ပြောချင်ပါတယ်။

အခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။

https://burmese.shannews.org/archives/29969

---------------------------------------------------------------------------------------------------------------------------

## နောင်ချိုမြို့နယ်ရောက် စစ်ရှောင် (၆၀၀) နီးပါးအတွက် အလှူရှင်လိုအပ်နေ

By **SHAN** - August 26, 2022

သျှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ် ဒိုးပင်ကျေးရွာထဲသို့ ရောက်ရှိနေသည့် စစ်ဘေးရှောင် (၆၀၀) နီးပါး အတွက် အလှူရှင် လိုအပ်နေကြောင်း စုံစမ်းသိရသည်။

နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ နှင့် မန္တလေး PDF တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခင်းကျေးရွာ၊ နားခါကျေးရွာ၊ ကြံခင်းကျေးရွာဒေသခံတို့က ဩဂုတ် ၂၄ ရက်တွင် ဒိုးပင်ကျေးရွာထဲသို့ စစ်ရှောင် (၅၉၀) ကျော် ရောက်ရှိလာသည်။

လက်ရှိမှာ ထိုစစ်ရှောင်များအတွက် အလှူရှင်မရှိသေးသဖြင့် ဘုန်းကြီးကျောင်းမှ ချက်ပြုတ်ကျွေးမွေးနေရသဖြင့် ရက်ရှည်လာပါက အစားအသောက် ပြတ်လပ်နိုင်ကြောင်း သိရသည်။



နောင်ချို စစ်ရှောင်

" ဒီကိုရောက်တာတော့ ၃ ရက်လောက်ရှိပါပြီ။ ထွက်ပြေးလာတုန်းက ရှိတာပဲ ဆွဲယူပြီးထွက်ပြေးလာကြတာ။ ဘာမှ မယူလာရဘူး။ ရှိတဲ့အဝတ်တစ်စုံနဲ့ပဲ ပြေးလာကြတာ။ အများစုကတော့ ဒီတိုင်းပဲ အကုန်ထွက်ပြေး လာကြတာ။ ဘုန်းကြီးကျောင်းကပဲကျွေးထားတယ် " ဟု စစ်ဘေးရှောင်လာသည့် အမျိုးသမီး တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထိုစစ်ဘေးရှောင်များ ထွက်ပြေးလာချိန်တွင် တချို့မှာ တစ်နာရီနီးပါး လမ်းလျှောက်လာရပြီး၊ မည်သည့် ပစ္စည်းမှ မယူလာနိုင်ကြောင်းလည်း စစ်ရှောင် ထွက်ပြေးလာကြရကြောင်း စစ်ရှောင်အမျိုးသမီးက ပြောသည်။

"အစကတော့ သေနတ်သံတွေက ရွာပြင်လောက်ပဲကြားတာ။ ရွာနဲ့နီးလာတော့ အားလုံးက ထွက်ပြေး လာကြတာ။ တစ်ချို့လည်း တစ်နာရီ နီးပါး လမ်းလျှောက်ပြီးထွက်ပြေးကြတာ " ဟု ၎င်းအမျိုးသမီးက ဆိုသည်။

ထိုအပြင် အလှူရှင်တွေမရှိသည့်အတွက်ကြောင့် ဘုန်းကြီးကျောင်းမှ ချက်ကျွေးနေရကြောင်း လက်ရှိမှာ စစ်ရှောင်များအတွက် အစားအသောက်နှင့် အဝတ်အထည်များ လိုအပ်နေသည်။



နောင်ချို စစ်ရှောင်

"ဘုန်းကြီးကနေပဲစားကြတာ။ တစ်ရက်ကို ထမင်း ၂ နပ်ကျွေးတယ်။ နေ့လည်စာနဲ့ ညစာကျွေးတာပေါ့။ လူများတော့ ဟင်းလည်း အများမချက်ရဘူး။ ဒီနေ့တောင် ကုလားပဲ နဲ့ ငရုပ်သီးကြော်နဲ့ စားရတယ် " ဟု စစ်ရှောင် အမျိုးသမီးတစ်ဦး ကပြောသည်။

အလားတူ စစ်ရှောင်များကို ကူညီပေးနေသည့် အမျိုးသားတစ်ဦးက "အခုတော့ ကုန်တောင်ကုန်နေပြီးလားမသိဘူး။ သွားမကြည့်ပေးရသေးဘူး။ အလှူရှင်ကလည်း လာမယ်ပြောတာရှိတယ်။ အခုချိန်ထိတော့ ဘာမှ မတွေ့ရသေးဘူး" ဟု မိန့်ကြားသည်။

အဆိုပါ ဒိုးပင်ကျေးရွာသို့ရောက်ရှိလာသည့် စစ်ရှောင်များသည် နေရပ်ကိုမပြန်နိုင်ကြောင်း၊ လက်ရှိမှာ စစ်ကောင်စီကလည်း ကျေးရွာတစ်ချို့တွေမှာ စစ်ဆေးနေပြီး တပ်စွဲထားကြောင်းသိရသည်။

" တိုက်ပွဲခြေနေငြိမ်ရင်တော့ ပြန်ရင်ပြန်သွားမှာပေါ့။ အခုတော့ မပြန်နိုင်သေးဘူး။ ရွာမှာလည်း စကစ တွေက တပ်စွဲထားတာရှိတယ်လေ။ ပြီးတော့ လမ်းတွေမှာလည်း စစ်ဆေးနေတာရှိတယ်လို့ပြောတယ်။ သူတို့ ဒီမှာ နေရတာ ကြာအုံးမယ်ထင်တယ် " ဟု ၎င်းအမျိုးသားက ဆိုပြန်သည်။

တိုက်ပွဲများရက်ရှည်ပါက စစ်ရှောင်များအတွက် အခက်အခဲများစွာ ရှိနိုင်ပြီး လက်ရှိမှာ အလှူရှင်များကို မျှော်လင့်နေကြောင်းသိရသည်။

https://burmese.shannews.org/archives/29960

-----------------------------------------------------------------------------------------------------

## ရိုဟင်ဂျာအရေး နိုင်ငံတကာထုတ်ပြန်ချက်များကို စစ်ကောင်စီ ကန့်ကွက်ပယ်ချ၊ ပြည်တွင်းရေး စွက်ဖက်မှုဟုဆို

Published By DVB | 26 August, 2022



ရခိုင်ပြည်နယ်မှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရဲ့ တုံ့ပြန်ချက်တွေအပေါ် ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်း စစ်ကောင်စီလက်အောက်ခံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၂၅ ရက်မှာ ထုတ်ပြန်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်ရဲ့ အကြမ်းဖက်နှိပ်စက်သတ်ဖြတ်မှုတွေကြောင့် ရိုဟင်ဂျာ ၇ သန်းကျော် နေရပ်စွန့်ခွာခဲ့ရတဲ့ဖြစ်စဉ် ၅ နှစ်ပြည့်အထိမ်းအမှတ် နိုင်ငံတကာအသိုက်အဝန်းက မနေ့က ကြေညာချက်တွေ အသီးသီးထုတ်ပြန် ပြောဆိုခဲ့ကြတဲ့အပေါ် စစ်ကောင်စီဘက်က တုံ့ပြန်လိုက်တာပါ။

ရခိုင်ပြည်နယ်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းတချို့နဲ့ နိုင်ငံတချို့က နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ထုတ်ပြန်တဲ့ကြေညာချက်တွေမှာ

ပါရှိတဲ့ အချက်အလက်တွေဟာ မှန်ကန်မှု မရှိ၊ တိကျမှုမရှိတာ တွေ့ရပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်တာ၊ ဘက်လိုက်မှုရှိတာ၊ တစ်ဖက်သတ်ဆန်တာတွေ့ရတယ်လို့ ဆိုပါတယ်။

ရခိုင်ပြည်နယ်ဖြစ်စဉ်ဟာ ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ နဲ့ တပ်ရင်း ဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ရာက စတင်ခဲ့တာဖြစ်ပြီး ဒီတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အရပ်သားတွေ သေဆုံးဒဏ်ရာရခဲ့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဥပဒေ စည်းမျဉ်း စည်းကမ်းနဲ့ အညီတုံ့ပြန် ဆောင်ရွက်ခဲ့တာလို့ စစ်ကောင်စီကဆိုပါတယ်။

မြန်မာအစိုးရနဲ့ ပြည်သူတွေက "ရိုဟင်ဂျာ"အသုံးအနှုန်းကို အသိအမှတ်မပြု လက်မခံကြောင်းနဲ့ သမိုင်းအထောက်အထားတွေမှာလည်းမရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိကြောင်း၊ ဒီအမည် သုံးစွဲသူတွေဟာ နိုင်ငံရေးရည်ရွယ်ချက်နဲ့ သုံးစွဲနေကြောင်း စစ်ကောင်စီထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

မြန်မာနိုင်ငံမှာ ရိုဟင်ဂျာတွေနဲ့ တခြားတိုင်းရင်းသား လူမျိုးစုတွေ ဆယ်စုနှစ်ပေါင်းများစွာ တွေ့ကြုံခံစားနေရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အလွဲသုံးစားပြုမှုတွေ အပါအဝင် စစ်အစိုးရနဲ့ သူတို့ရဲ့အုပ်ချုပ်မှုအောက်မှာ ကျူးလွန်နေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရပ်တန့်ဖို့ အီးယူ၊ ဩစတြေးလျ၊ ကနေဒါ၊ နော်ဝေ၊ ဗြိတိန်နဲ့ အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးတွေက ထုတ်ပြန်တိုက်တွန်းထားပါတယ်။

မြန်မာစစ်တပ်က ရိုဟင်ဂျာတွေအပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်တဲ့ အကြမ်းဖက်မှုတွေဟာ လူမျိုးတုံး ရာဇဝတ်မှုမြောက်တဲ့အပေါ် လက်ရှိ စစ်ဆေးနေတဲ့ ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ တင်သွင်းလျှောက်ထားမှု အပါအဝင် ကျူးလွန်သူမှ တာဝန်ခံမှုရှိစေရေးကို လုပ်ဆောင်ချက်တွေကို အသိအမှတ်ပြု ထောက်ခံကြောင်းနဲ့ မြန်မာနိုင်ငံအနေနဲ့ ICJ တရားရုံးမှ လောလောလတ်လတ် ချမှတ်ထားတဲ့ အမိန့်ကို လိုက်နာဖို့လည်း အနောက်နိုင်ငံတွေက တိုက်တွန်းပါတယ်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်မှာ ယာယီခိုလှုံနေကြတဲ့ မြန်မာပြည်က ထွက်ပြေးလာတဲ့ ရိုဟင်ဂျာတွေအရေး ငွေကြေးထောက်ပံ့မှုအပြင် သူတို့အတွက် အဆင်ပြေမယ့် နည်းလမ်းတွေကို ပိုပြီး အားစိုက်ကူညီကြဖို့ ပန်ကြားထားပါတယ်။

https://burmese.dvb.no/archives/550875

------------------------------------------------------------------------------------------------------------

## ရိုဟင်ဂျာတည်ရှိမှု လက်ခံရေး ပြဿနာရဲ့ အခြေခံဖြစ်စေ (FCCT ဆွေးနွေးပွဲ)

၂၆ ဩဂုတ်၊ ၂၀၂၂ | သိန်းထိုက်ဦး

ရိုဟင်ဂျာဒုက္ခသည်အရေးကိစ္စကို ဖြေရှင်းရမှာ ရိုဟင်ဂျာမူဆလင်တွေရဲ့ အမျိုးသားရေးလက္ခဏာနဲ့ သမိုင်းကြောင်းအရတည်ရှိမှုကို လက်ခံဖို့လိုတဲ့အကြောင်း ရိုဟင်ဂျာအရေး ထောက်ခံသူတွေနဲ့ ဒီ ပဋိပက္ခကို ဖြေရှင်းနိုင်ရေး ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်သူတွေက ထောက်ပြကြပါတယ်။ နိုင်ငံအတွင်းက တခြား တိုင်းရင်းသားတွေနဲ့အတူ တန်းတူအခွင့်အရေး ပေးရမယ်ဆိုတဲ့ အခြေခံအားဖြင့် အချက် အပေါ်မှာ စဉ်းစားသင့်တယ်ဆိုပြီး မနေ့ညက ထိုင်းနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှာကျင်းပတဲ့ ရိုဂျင်ဂျာအရေး ဆွေးနွေးပွဲမှာ ထောက်ပြပြောဆိုပါတယ်။ ကိုသိန်းထိုက်ဦး ဘန်ကောက်ကနေ သတင်းပေးပို့ထားပါတယ်။

ရိုဟင်ဂျာတွေဟာ နိုင်ငံသားအခွင့်အရေးကို မတရား ငြင်းပယ်ခံထားရသူတွေဖြစ် တဲ့အတွက် သူတို့ရဲ့အခွင့်အရေးကို ပြန်အသိအမှတ်ပြုဖို့လိုတဲ့အကြောင်း NUG ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ

လူ့အခွင့်အရေးဝန်ကြီးဌာနရဲ့ ရိုဟင်ဂျာအရေးအကြံပေး ဦးအောင်ကျော်မိုးက မနေ့က ဆွေးနွေးပွဲမှာ ပြောဆိုသွားပါတယ်။ ၂၀၁၇ ခုနှစ်က မြန်မာစစ်တပ်ရဲ့ ညှဥ်းပန်းနှိပ်စက်မှုကြောင့် ရိုဟင်ဂျာဒုက္ခသည်တွေ သိန်းနဲ့ချီ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ထွက်ပြေးခဲ့တဲ့ ငါးနှစ်ပြည့် အထိမ်းအမှတ် ဆွေးနွေးပွဲ ကျင်းပတာပါ။

"ကျနော်တို့ကို နိုင်ငံမဲ့တွေလို့ မကြာခန အခေါ်ခံရပါတယ်။ မဟုတ်ပါဘူး။ နိုင်ငံက ကျနော်တို့ပိုင်သလို ကျနော်တို့ကလည်း ပိုင်ပါတယ်။ အခု ဘင်္ဂလားဒေ့ရှ်ကိုရောက်လာတဲ့သူတွေထဲမှာ နိုင်ငံသား မှတ်ပုံတင်ကိုင်ထားတဲ့သူတွေ ရှိပါတယ်။ အခုအချိန်အထိ သိမ်းထားတုန်းပါ။ သူတို့ရဲ့ နိုင်ငံသားအခွင့်အရေးကို တရားမဝင် အသိမ်းခံခဲ့ရတာပါလို့ ကိုအောင်ကျော်မိုး ပြောသွားတာပါ။

ရိုဟင်ဂျာဒုက္ခသည်အရေးကို ဖြေရှင်းရာမှာ သူတို့ရဲ့နိုင်ငံသားအခွင့်အရေးကို အသိအမှတ်ပြုဖို့လိုတယ်ဆိုတာကို အွန်လိုင်းက ပါဝင်ဆွေးနွေးတဲ့ အရင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်အရေး အကြံပေးကော်မရှင် အဖွဲ့ဝင်တဦးဖြစ်ခဲ့သူ၊ နယ်သာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဟောင်း Laetitia van den Assum လည်း ပါဝင်ပါတယ်။

"လက်ရှိ မြန်မာနိုင်ငံမှာ ရေးဆွဲထားတဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေဟာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ မညီဘူး၊ ဒီကိစ္စကို ဦးစားပေး မဖြေရှင်းဘူးဆိုရင် ပြဿနာက ဆက်ပြီး ကြီးထွားနေအုံးမှာပါပဲ။"

မြန်မာနိုင်ငံဘက်ကတော့ ရိုဟင်ဂျာဆိုတဲ့ နာမည် အမည်တပ်ထားတာ လက်မခံတဲ့အကြောင်း မကြာသေးခင်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Noeleen Heyzer နဲ့ တွေ့ဆုံခဲ့တဲ့ စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထပ်မံပြောဆိုထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထားပြနိုင်မယ်ဆိုရင် နေရပ်ရင်းမှာ ပြန်လည်လက်ခံမယ့်အကြောင်းနဲ့ ဒုက္ခသည်ပြန်လည် လက်ခံရေးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နှစ်နိုင်ငံအကြား သဘောတူထားတဲ့ ပုံစံအတိုင်း ဒုက္ခသည်စာရင်းကို ပေးအပ်ခြင်းမရှိဘူးလို့ ပြောဆိုထားပါတယ်။

မနေ့က ဆွေးနွေးပွဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ နိုင်ငံခြားရေးအတွင်းဝန် Shahidul Haque လည်း အွန်လိုင်းက ပါဝင်ဆွေးနွေးပါတယ်။

"ကျနော်တို့က သူတို့ကို လက်ခံထားရုံတင်မဟုတ်ပါဘူး။ သူတို့ အခွင့်အရေး၊ ရပိုင် ခွင့်တွေအတွက်လည်း နိုင်ငံတကာအလယ်မှာ တိုက်ပေးခဲ့ပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံခေါင်းဆောင်တွေ အများအပြား တွေ့ဆုံပြီး ဒီ ဒုက္ခသည်တွေ နှိပ်စက်ညှဥ်းပန်းခံရတဲ့အကြောင်းတွေ၊ သူတို့ကို ကူညီထောက်ပံ့ပေးဖို့ အကြောင်းတွေကို ဝန်ကြီးချုပ် Sheikh Hasina ကိုယ်တိုင် ထပ်ခါတလဲလဲ ပြောပေးနေခဲ့တာပါ။"

ရိုဟင်ဂျာတွေကို နိုင်ငံသားအတွင်းက လူနည်းစုတွေအဖြစ် အသိအမှတ်ပြုဖို့ အရင် နိုဘယ်ငြိမ်းချမ်းဆုရှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ရွေးကောက်ခံ အစိုးရလက်ထက်မှာလည်း ပျက်ကွက်ခဲ့တယ်လို့ သူက ဝေဖန်ပါတယ်။

"ဒါကို ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်တွေက မြန်မာနိုင်ငံကို တချိန်လုံးပြောနေခဲ့တာပါ။ ခင်ဗျားတို့ နိုင်ငံက လူနည်းစုတွေအပေါ်မှာ ဘယ်လို ပြုမူသင့်တယ်ဆိုတာ ကို ပြောခဲ့တာပါ။ သူတို့ဟာ ခင်ဗျားတို့ နိုင်ငံသားတွေ ဖြစ်တယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရားမဝင် ဝင်လာတဲ့ သူတွေ မဟုတ်ပါဘူး။"

ရိုဟင်ဂျာပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်ပြီး စစ်ရေးအရ ဖြေရှင်းဖို့ ကြိုးစားခဲ့တဲ့ မှားယွင်းမှုလို့ သူက ဆွေးနွေးသွားပါတယ်။

သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာတွေ နေရပ်ရင်းက ထွက်ပြေးခဲ့တာ ငါးနှစ် ရှိပါပြီ။ မြန်မာနိုင် ငံက ပါဝင်လက်မှတ်ထိုးထားတဲ့ လူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးဆိုင်ရာ နိုင်ငံတကာစာချုပ်ကိုချိုးဖောက်ခဲ့တာဖြစ်တယ်ဆိုပြီး ICJ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို တရားစွဲဆိုထားပါတယ်။ တရားဥပဒေအရ အရေးယူနိုင်ရေး ကြိုးပမ်းချက်တွေအပေါ် အရင်က ကမ္ဘောဒီးယား နိုင်ငံ လူမျိုးတုန်း သတ်ဖြတ်မှုကျူးလွန်တဲ့ ခမာနီခေါင်းဆောင်ဟောင်းတွေကို အရေးယူနိုင်ရေး ခုံရုံးမှာ ထိပ်တန်း ဥပဒေအကြံပေးဖြစ် ပါဝင်ခဲ့သူ လက်ရှိ နိုင်ငံတကာတရားရေးနဲ့ တာဝန်ခံမှုဆိုင်ရာအသင်း ဒါရိုက်တာ Kingsley Abbott ကလည်း လူကိုယ်တိုင် အခုလို ဆွေးနွေးပါတယ်။

"တရားဥပဒေအရ အရေးယူနိုင်ဖို့ဆိုတာ အချိန်ကြာပါတယ်။ ဒါပေမယ့် ရောက် လာပါလိမ့်မယ်။ ဒီလို ပြောနိုင်တဲ့ အကြောင်းရင်းတခုကတော့ သူတို့ ငြင်းလို့မရတော့တဲ့ အထောက်အထားတွေ မြန်မာနိုင်ငံအတွင်း ရဲရင့်တဲ့ လူထုအခြေပြုအဖွဲ့ အစည်းတွေရဲ့ ဆယ်စုနှစ်ချီစုဆောင်းခဲ့တဲ့ အထောက်အထားတွေ ရှိနေပါပြီ။ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ အထောက်အထားတွေ တင်မဟုတ်ပါဘူး။ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးအဖွဲ့တွေ၊ အထူးကိုယ်စားလှယ်။ လူ့အခွင့်အရေးဆိုင် ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးနဲ့ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးလို လူ့အခွင့်အရေးအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေပါ။"

မနေ့က ထိုင်းနိုင်ငံ နိုင်ငံခြား သတင်းထောက်များ အသင်းမှာ ကျင်းပတဲ့ ရိုဟင်ဂျာအရေး ဆွေးနွေးပွဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ထွက်ပြေးလာတဲ့ လေ့စီးပြေးဒုက္ခသည်တွေကို ကူညီပေးနေတဲ့ Rohingya Peace Network က Hajee Ismail လည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ရပ်တည်နေထိုင်ခဲ့တဲ့ အခွင့်အရေးတွေ ပစ်ပယ်ခံခဲ့ရတယ်ဆိုတာကို သူက VOA ကို ပြောသွားပါတယ်။

သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာတွေ နေရပ်စွန့်ခွာထွက်ပြေးခဲ့တဲ့ ၅ နှစ်ပြည့်အချိန် ဖြစ်တာကြောင့် ရိုဟင်ဂျာအရေးဟာ နိုင်ငံတကာအလယ်မှာ ဘယ်တုန်းကမှ မရခဲ့ဘူးတဲ့ အထူး အာရုံစိုက်ခံရတဲ့ အရေးကိစ္စတခု ဖြစ်လာနေပါတယ်။ ဒါပေမယ့်လည်း သူတို့ရဲ့ ရပ်တည်ခွင့်၊ ရပိုင်ခွင့်၊ နေရပ်ပြန်ခွင့်တွေဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ ဦးစားပေးနေတဲ့ တခြား ရေးရာတွေကြားမှာ အခုလို အထိမ်းအမှတ်အချိန်အခါတွေလွန်သွားရင် တဖြေးဖြေး မေ့မှိန်သွားမလားဆိုတဲ့ စိုးရိမ်မှုနဲ့ မေးခွန်းထုတ်မှုတွေလည်း မနေ့က ဆွေးနွေးပွဲမှာ ရှိခဲ့ပါတယ်။ ကျနော်သိန်းထိုက်ဦးပါ။

[https://burmese.voanews.com/a/fcct-ထိုင[ြ]းးႏုိင္ငံျခားသားသတင[ြ]းေထာက္မ်ားအသင[ြ]း-႐ိုဟင္ဂ်ာအေရး/6717786.html](https://burmese.voanews.com/a/fcct-ထိုင[ြ]းးႏုိင္ငံျခားသားသတင[ြ]းေထာက္မ်ားအသင[ြ]း-႐ိုဟင္ဂ်ာအေရး/6717786.html)

---------------------------------------------------------------------------------------------------------

## တရုတ်နဲ့ ထိုင်းကို ဓာတ်ငွေ့တင်ပို့မှုကနေ လေးလအတွင်း စစ်ကောင်စီ ဒေါ်လာသန်း ၈၀၀ ရ

2022.08.26



ကျောက်ဖြူရေနက်ဆိပ်ကမ်း။ File Photo - Reuters

ပြီးခဲ့တဲ့ ဧပြီလကနေ ဇူလိုင်လအတွင်း သဘာဝဓာတ်ငွေ့တင်ပို့တဲ့ လုပ်ငန်းကနေ အမေရိကန်ဒေါ်လာ သန်း၈၀၀ နီးပါး ရရှိခဲ့တယ်လို့ မနေ့ကထုတ်တဲ့ မြန်မာ့အလင်း နိုင်ငံပိုင်သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။

စစ်ကောင်စီရဲ့ အဓိကဝင်ငွေရလမ်းဖြစ်တဲ့ မြန်မာ့ရေနံနဲ့

သဘာဝဓာတ်ငွေ့လုပ်ငန်း ( MOGE) ကို ပိတ်ဆို့ အရေးယူဖို့ တက်ကြွလှုပ်ရှားသူတွေ တစိုက်မတ်မတ်တောင်းဆိုနေချိန်မှာ စစ်ကောင်စီက အခုလို ထုတ်ပြန်တာဖြစ်ပါတယ်။

ဒီနှစ်ရတဲ့ငွေဟာ ပြီးခဲ့တဲ့ နှစ်ကထက် ဒေါ်လာသန်း ၆၀ ပိုတယ်လို့လည်း ဆိုပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေ ဖြစ်တဲ့ ရတနာ၊ ရဲတံခွန်၊ ရွှေနဲ့ ဇော်တိက လုပ်ကွက်တွေကနေ ထုတ်လုပ်ခဲ့ပြီး အဓိကအားဖြင့် ထိုင်းနဲ့ တရုတ်ကို တင်ပို့ခဲ့တာလို့ ဆိုပါတယ်။

အမေရိကန်အစိုးရ အနေနဲ့ မြန်မာစစ်တပ် ဝင်ငွေရနေတဲ့ MOGE လုပ်ငန်းကို အရေးယူဒဏ်ခတ်ဖို့နဲ့ ဝင်ငွေပေါက်တွေကို ပိတ်ဖို့လိုပြီလို့ စစ်တပ်ရဲ့ အကျိုးအမြတ်တွေကို ဖော်ထုတ်နေတဲ့ Justice For Myanmar က သူတို့ရဲ့ လူမှုကွန်ယက်စာမျက်နှာကနေ ဒီကနေ့ တောင်းဆိုပါတယ်။

ပြည်တွင်းပြည်ပက အဖွဲ့အစည်းပေါင်း ၅၀၀ ကျော်ဟာလည်း MOGE ကို အရေးယူဖို့ ပြီးခဲ့တဲ့ရက်က အမေရိကန် သမ္မတဆီ အိတ်ဖွင့်ပေးစာပို့ တောင်းဆိုထားပါတယ်။

https://www.rfa.org/burmese/news/junta-gas-exports-to-china-thailand-08262022102527.html

-----------------------------------------------------------------------------------------------------

## စစ်တပ်ရဲ့ ငွေဝင်ပေါက် MOGE ကို ဒဏ်ခတ်ဖို့ အမေရိကန်သမ္မတဆီ စာပို့တောင်းဆို

2022.08.26



အမေရိကန်သမ္မတ ဂျိုးဘိုက်ဒင် Photo - reuters

စစ်တပ်ရဲ့ ငွေဝင်ပေါက်ဖြစ်တဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်း ( MOGE) ကို ဒဏ်ခတ်ပိတ်ဆို့ပေးဖို့ ပြည်တွင်းပြည်ပက အရပ်ဖက်အဖွဲ့အစည်း ၅၀၀ ကျော်စုပေါင်းပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဆီ စာရေးပေးပို့ တောင်းဆိုလိုက်ပါတယ်။

စစ်ကောင်စီအပေါ် အမေရိကန် အစိုးရရဲ့ ဒဏ်ခတ်ပိတ်ဆို့တာတွေကို အသိအမှတ်ပြုပေမယ့် ဒီ MOGE ကိုလည်း မဖြစ်မနေ အမြန်ဆုံး ဒဏ်ခတ်ပိတ်ဆို့ဖို့ လိုတယ်လို့ စာထဲမှာ ရေးထားပါတယ်။

ဥရောပသမဂ္ဂ(အီးယူ)က MOGE လုပ်ငန်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကစပြီး ဒဏ်ခတ်ပိတ်ဆို့ ထားပါတယ်။

အီးယူရဲ့ ဒဏ်ခတ်ပိတ်ဆို့တာကိုကြည့်ရင် ထိရောက်မှု တွေ့နိုင်တာကြောင့် အမေရိကန်အစိုးရ အနေနဲ့လည်း အမြန်ဒဏ်ခတ်ဖို့လိုကြောင်း သမ္မတဘိုင်ဒင်ဆီပေးပို့တဲ့ စာထဲမှာ ရေးထားပါတယ်။

အဲဒီလုပ်ငန်းက ရတဲ့ငွေတွေနဲ့ မြန်မာစစ်တပ်ဟာ အပြစ်မဲ့ အရပ်သား ပြည်သူလူထု အပေါ် အကြမ်းဖက်သတ်ဖြတ် နေတယ်လို့ ဆိုပါတယ်။

အမေရိကန် သမ္မတဆီပို့တဲ့စာကို လူပေါင်း ၂၆၅၀၀၀ လက်မှတ်ရေးထိုးထားပြီး၊ ပြည်တွင်း၊ ပြည်ပ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားတဲ့ အဖွဲ့အစည်းပေါင်း ၅၀၉ ဖွဲ့က ထောက်ခံထားပါတယ်။

အမေရိကန် အထက်လွှတ်တော် ရီပတ်ဘလစ်ကန် ခေါင်းဆောင် မစ်ချ် မက်ကော်နယ် ( Mitch McConnell)ကလည်း အမေရိကန်အစိုးရ အနေနဲ့ ဒီ MOGE ကို အဓိကထား အရေးယူရမယ်လို့ ဒီလထဲမှာ ထုတ်ဖော်ပြောဆိုထားပါတယ်။

စစ်အာဏာမသိမ်းခင်က မြန်မာပြည်မှာ MOGE ကနေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်လောက် ဝင်ငွေရခဲ့ပေမယ့် အီးယူက အရေးယူပြီးနောက်၊ ရင်းနှီးမြုပ်နှံတဲ့ ကုမ္ပဏီတွေ ထွက်သွားပြီးနောက်မှာ စစ်ကောင်စီအနေနဲ့ သန်း ၆၀၀ လောက် ထိခိုက်နစ်နာသွားတယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ ( NUG) ရဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးစိုးသူရထွန်း က RFA ကို ပြောဆိုဖူးပါတယ်။

https://www.rfa.org/burmese/news/letter-to-president-biden-08262022093618.html

---------------------------------------------------------------------------------------------------------

## စစ်ခေါင်းဆောင်တွေရဲ့ ရုရှားခရီးစဉ်တွေစိပ်- ရုရှားကို စစ်ကောင်စီ ဒုခေါင်းဆောင် သွားပြန်

၂၆ ဩဂုတ် ၂၀၂၂



ဓာတ်ပုံ ပုံစာ, နေပြည်တော်ကနေ ဒီကနေ့ ထွက်ခွာသွား

မြန်မာစစ်အာဏာသိမ်း စစ်ခေါင်းဆောင်တွေ ဆက်ဆံရေး ပိုမြှင့်လာနေတဲ့ ရုရှား နိုင်ငံဆီကို စစ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရောက်ရှိ နေပါတယ်။

ရုရှားနိုင်ငံမှာကျင်းပနေတဲ့ နိုင်ငံတကာ စစ်တပ်ပွဲတော် -၂၀၂၂ (International Army Games-2022) ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတက်ရောက်ဖို့ သူ သွားရောက်တာလို့ စစ်ကောင်စီက ထုတ်ပြန်ထားပေမယ့် ရုရှား စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တွေ့ဖို့ ရှိတယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလပိုင်းကလည်း စစ်ကောင်စီ ဒုခေါင်းဆောင်ဟာ ရုရှားကို သွားခဲ့ပါသေးတယ်။

ဒီ ဩဂုတ်လထဲမှာပဲ မြန်မာစစ်တပ်က ကြည်း၊ရေ၊လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး မောင်မောင်အေးလည်း ရုရှားကို သွားခဲ့ပါတယ်။

ဒ့ါအပြင် ရုရှား နိုင်ငံခြားရေး ဝန်ကြီးလည်း ဩဂုတ်လအစပိုင်းမှာပဲ နေပြည်တော်ကို ရောက်လာခဲ့တာမို့ ရုရှားနဲ့ မြန်မာ စစ်ကောင်စီ အကြား ဆက်ဆံရေး အခြေအနေက ယခင်ကာလတွေထက် ပိုပြီး တိုးတက်လာတာကို တွေ့ရပါတယ်။

လက်ရှိ သူတို့အကြား ဆက်ဆံရေးအခြေအနေဟာ ပိုမိုကောင်းမွန်လာနေတယ်လို့ စစ်ကောင်စီ သတင်း ထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြော ပါတယ်။

“တပ်မတော်အချင်းချင်း ဆက်ဆံရေး ကနေ နောက်ပိုင်းမှာ ဆက်ဆံရေးက ပိုပြီး ကောင်းမွန်လာတာ တွေ့ရတယ်၊ အစိုးရ အဖွဲ့ ဆက်ဆံရေးပါ ပိုမိုကောင်းမွန် လာတာတွေနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အဆင့်ရော၊ တပ်မတော်အဆင့်ရော ကိုယ်စားပြုတဲ့ ခရီးစဉ်တွေ (ရုရှားကို) သွားရောက်နေတာ ဖြစ်ပါတယ်။”

နိုင်ငံတကာအရေးလေ့လာစောင့်ကြည့်သူတွေကတော့ ရုရှားနဲ့ မြန်မာ စစ်ကောင်စီ အကြား ဆက်ဆံရေးဟာ အနောက်နိုင်ငံတွေအပါအဝင် နိုင်ငံများစွာနဲ့ အဆင် မပြေဖြစ်ပြီး ပစ်ပယ်ခံထားရသူတွေ အချင်းချင်း မဟာမိတ်ဖွဲ့ကြတဲ့ သဘောလို့ သုံးသပ်ကြပါတယ်။



ဓာတ်ပုံ ပုံစာ, ပြီးခဲ့တဲ့နှစ် Army Games ပိတ်ပွဲကိုလည်း ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ခဲ့

**စစ်ရေးအပြင် ထိတွေ့မှု တိုးချဲ့နေ**

စစ်လက်နက် ပစ္စည်းတွေ မြန်မာကို ရောင်းနေတဲ့ ရုရှားဟာ ယူကရိန်းကို ဝင်ကျူးကျော်တဲ့နောက်ပိုင်း အနောက်နိုင်ငံတွေရဲ့ အရေးယူပိတ်ဆို့မှုတွေနဲ့ ကြုံနေရကာ သူ့နိုင်ငံထွက် ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို ရောင်းနိုင်ဖို့ အရေး ကြိုးပမ်းနေရပါတယ်။

တဖက်မှာလည်း လောလောဆယ်ကာလမှာ လောင်စာဆီ ရှားပါးမှုနဲ့ ကြုံနေရတဲ့ မြန်မာ စစ်ခေါင်းဆောင်တွေ အဖို့ လောင်စာဆီတွေကို ဈေးကွက်မှာ ပိုသက်သာတဲ့ ဈေးနဲ့ ရယူနေချင်တာပါ။

မြန်မာစစ်ခေါင်းဆောင်တွေဖက်က ရုရှားနဲ့ ပတ်သက်ပြီး လိုလားချက်တွေကို Central European University က နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာခဲ့တဲ့ ကျောင်းဆင်းတယောက်က အခုလို ဆိုပါတယ်။

“ပထမဆုံး တခုကတော့ အားလုံးသိတဲ့အတိုင်း မြန်မာစစ်တပ်အတွက် စစ်လက်နက်ပစ္စည်းနဲ့ နည်းပညာ လိုအပ်ချက် အများစုက ရုရှားကနေ ဝယ်တာ ဖြစ်တယ်… ဒုတိယတချက်ကတော့ စစ်ကောင်စီဘက်က ဟိုတနေ့ကတင် ပြောထားတာ ရှိတယ်၊ စက်သုံးဆီ စားရိတ်တွေ မြင့်တက်နေတာကို ဖြေရှင်းနိုင် အောင် ရုရှားကနေ စက်သုံးဆီတွေ သွင်းယူပြီး ဖြေရှင်းဖို့ကြိုးစားမယ်လို့ ပြောထားတယ်၊ တတိယတချက်အနေနဲ့ ကတော့ အနောက်နိုင်ငံတွေက မြန်မာနိုင်ငံအပေါ် ဆန်ရှင် ပိတ်ထားတာဆိုတော့ သယံဇာတတို့ ကျွန်းတို့ကို ရောင်းနိုင်အောင် ဈေးကွက်ရှာတာလည်း ဖြစ်နိုင်ပါတယ်။”

အနောက်နိုင်ငံတွေ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဆက်ဆံရေး လျှော့ချတာကို ကြုံနေရတဲ့ မြန်မာ စစ်ကောင်စီဟာ စစ်လက်နက်ရရှိရေး၊ ကုန်သွယ်စီးပွားရေးပိုင်း တွေမှာ ရုရှားအပေါ်ပိုမှီခိုလာရသလို သံတမန်ရေးနဲ့ ပတ်သက်ပြီး ပိုအားကိုး လာနေရတယ်လို့ သုံးသပ်နေကြပါတယ်။



ဓာတ်ပုံ ပုံစာ, ပြီးခဲ့တဲ့နှစ် စက်တင်ဘာခရီးမှာ ရုရှား ဒုတိယကာကွယ်ရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့

စစ်ကောင်စီ ဒုတိယ ခေါင်းဆောင်ရဲ့ ဒီခရီးစဉ်အပြီးမှာ စစ်ကောင်စီ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လည်း ရုရှားကိုထပ်သွားမယ်လို့ လုံခြုံရေး ဆိုင်ရာ လေ့လာစောင့်ကြည့်သူတွေက ဘီဘီစီကို ပြောပါတယ်။

အဲဒီခရီးစဉ်ဟာ လာမယ့် စက်တင်ဘာမှာ ပြန်စမယ့် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ စစ်ကောင်စီရဲ့ကိုယ်စားပြုမှုရရှိဖို့ ရုရှားနိုင်ငံကနေ အကူအညီပေးဖို့ အတွက် တောင်းဆိုသွားလိမ့်မယ်လို့ နိုင်ငံတကာဆက်ဆံရေး လေ့လာ စောင့် ကြည့်သူတွေက သုံးသပ်နေကြပါတယ်။

သူတို့ ယူကရိန်းစစ်ပွဲကို ထောက်ခံထားတဲ့ မြန်မာစစ်ကောင်စီကို ရုရှားကလည်း နိုင်ငံရေးအရ ပြန်ကူညီမယ်လို့ တွက်ဆကြမှာပါ။ ဒ့ါအပြင် ရုရှားဘက်က လက်နက် ရောင်းတာ၊ လောင်စာဆီရောင်းတာ အပြင် နောက်ထပ် လိုလားချက်တွေ ရှိနိုင်ပါသေးတယ်။

ရုရှားနိုင်ငံဟာ အင်ဒိုပစိဖိတ်ဒေသကို မြန်မာကတဆင့် ဩဇာဖြန့်ကြက်ဖို့ ကြံစည်နေတာ ဖြစ်နိုင်တယ်လို့ နိုင်ငံရေးသိပ္ပံလေ့လာသူက ထောက်ပြပါတယ်။

“စစ်ရေးရှုထောင့်အရ ကြည့်မယ်ဆိုရင် အင်ဒို ပိစိဖိတ် ဒေသမှာ အမေရိကန်ရဲ့ စစ်ရေးအရ လှုပ်ရှားမှုက ပိုပြီး များများ ရှိနေတာကို တွေ့ရလိမ့်မယ်၊ ရုရှားက ကမ္ဘာ့အနောက်ဘက်ခြမ်း  Eurasia (ဥရောပနဲ့ အာရှဆက်စပ်နေရာပိုင်း)တို့ဘက်မှာ အားကောင်းတယ်၊ ဒါပေမယ့် အင်ဒိုပိစိဖိတ် ဒေသမှ ရုရှားက စစ်ရေးလှုပ်ရှားမှု သိပ်အများကြီး မရှိဘူး၊ ဒီတော့ ရုရှားက မြန်မာနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တည်ဆောက်ရင်း အင်ဒို-ပစိဖိတ်ဒေသကို သူတို့ ဩဇာလွှမ်းနိုင်အောင် ကြိုးစားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။”

https://www.bbc.com/burmese/articles/c0jwqyxdqj5o

---